# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ဒီကနေ့ အစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးကိုကိုဇင် ဦးဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့်ပါတီဝင်များ စုစုပေါင်း ၉၀ ဦးတက်ရောက်လေ့လာလျက်ရှိကြောင်း တင်ပြအပ်ပါတယ်ရှင်။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။ [ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၈၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်

(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၁ ရက်၊

(၃) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၅) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်နှင့်

(၆) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဥပဒေကြမ်းကော်မတီ၏ သုံးသပ်အကြံပြုချက် တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ကိုဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီက သုံးသပ်တင်ပြချက်၊ အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော် ကိုယ်စားလှယ်များ၊ ယနေ့ အစည်းအဝေးမှာ အထူး ဖိတ်ကြားထားတဲ့ ဒုတိယအကြိမ် လတ်တော်သက်တမ်းအတွက် တာဝန်ထမ်းဆောင်ကြမယ့် လတ်တော် ကိုယ်စားလှယ်များ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လတ်တော် အစည်းအဝေးကာလအတွင်း ကျန်တော်တို့ ဥပဒေ ကြမ်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို အနှစ်ချုပ် သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

နိဒါန်းပိုင်းအနေနဲ့ ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီကို အောက်ဖော်ပြပါ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ၁၅ ဦးနဲ့ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌအဖြစ် ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ် ဖြစ်ပါတယ်။ အဖွဲ့ဝင်များအဖြစ် ဒေါ်နန်းဝါနု (ကွန်ဟိန်းမဲဆန္ဒနယ်)၊ ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)၊ ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)၊ ဦးခင်ဝင်း (ပန်းတောင်းမဲဆန္ဒနယ်)၊ ဦးစိုးစိုး (ထီးချိုင့်မဲဆန္ဒနယ်)၊ ဒေါ်ခင်ဌေးကြွယ် (မော်လမြိုင်မဲဆန္ဒနယ်)၊ ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)၊ ဦးခင်မောင်ရေ(တမူးမဲဆန္ဒနယ်)၊ ဦးစိုးရယ် (ဒီမောဆိုမဲဆန္ဒနယ်)၊ ဦးစတီဖန် (ကျိုင်းတုံမဲဆန္ဒနယ်)၊ ဦးသိန်းထွန်းဦး (အမရပူရမဲဆန္ဒနယ်)၊ ဒေါက်တာစိုးမိုးအောင် (ဘီးလင်းမဲဆန္ဒနယ်)၊ ဦးအောင်မြသန်း (ညောင်းတုန်းမဲဆန္ဒနယ်)၊ ဦးစောလှထွန်း (အတွင်းရေးမှူး၊ ချောင်းဦးမဲဆန္ဒနယ်) တို့ဖြစ်ကြပါတယ်။

ကျန်တော်တို့ ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီမှာ ဥပဒေရေးရာကိစရပ်များကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ဥပဒေရေးရာနှင့် အထူးကိစရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ ဘာသာရပ်အလိုက် ကျမ်းကျင်ပညာရှင်များအပြင် အောက်ဖော်ပြပါ အဖွဲ့ဝင်များက တွဲဖက်ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဦးတင်ဝင်း၊ ဒေါ်သန်းသန်းရီ၊ ဦးဆန်းလင်းနှင့်

ဒေါ်သင်းသင်းခိုင် တို့ဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် ကျန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်များ ဒီကနေ့ အောင်မြင်နိုင်ခြင်း၊ အောင်မြင်အောင်ဆောင်ရွက် နိုင်ခြင်းဟာ ဒီ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ အဓိက ပံ့ပိုးကူညီမှုဖြစ်ပါကြောင်းလည်း အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ထည့်သွင်းတင်ပြ လိုပါတယ်။ အလားတူပဲ ကျန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ လေ့လာသူများ ဖြစ်သော်လည်း ကျန်တော်တို့နဲ့ တွဲဖက်ပြီးတော့ အကြံဉာဏ်များပေးပြီးတော့ ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ် များလည်းရှိပါတယ်။ သူတို့ကတော့ တပ်မတော်သားကိုယ်စားလှယ်များဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်များအနေနဲ့ ဗိုလ်မှူးချုပ်ဝေလင်း၊ ဗိုလ်မှူးချုပ်မောင်မောင်၊ ဒုတိယဗိုလ်မှူးကြီး တက်ထွန်း၊ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ ဗိုလ်မှူးမင်းကိုဦးနှင့် ဗိုလ်မှူးမျိုးမင်းမောင်တို့ကလည်း အနီးကပ် ကျန်တော်တို့နဲ့ လက်ပွန်းတတီးနေထိုင်ပြီးတော့ ဥပဒေအကြံဉာဏ်များ ညှိနှိုင်းတိုင်ပင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြပါတယ်။

## ရည်ရွယ်ချက်

ယခုသုံးသပ်အကြံပြုချက် စာတမ်းကိုလွှတ်တော်သို့ တင်ပြရတဲ့ရည်ရွယ်ချက်ကတော့ ပထမ အကြိမ် လွှတ်တော် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဥပဒေ ပြုရေး လုပ်ငန်းစဉ်အဆင့်ဆင့်၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို သိရှိနိုင် ရန် ရည်ရွယ်ပါတယ်။ ကျန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ လုပ်ငန်းဆောင်ရွက်ဖို့အတွက် အချက် (၁၂) ချက်ကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှာ၊ နည်းဥပဒေများမှာ ထည့်သွင်းပြဋ္ဌာန်းပေး ထားပါတယ်။ ကျန်တော်တို့ကတော့ ဒါကို ၁၂ လက်မရှိတဲ့ ပေတံတစ်ခုလိုပဲ အချက် (၁၂)ပါလို့ ကျန်တော်တို့ရဲ့ စံကိုက်ပေတံလို့ ပြောဆိုလေ့ရှိပါတယ်။ အဲဒီအချက် (၁၂)ချက်ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိကို ဥပဒေကြမ်းတစ်ရပ်နဲ့ စပ်လျဉ်းလျှင် အဲဒီကစတင်စိစစ်ပါတယ်။ နိုင်ငံတော်က ချမှတ်တဲ့မူဝါဒတွေ၊ ဦးတည်ချက်တွေ ညီညွတ် မရှိ/မရှိ၊ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက် ရေးကို ဦးတည်ခြင်းရှိ/မရှိ၊ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြု ထိပါးစေမည့် အချက်များ ပါဝင်ခြင်းရှိ/မရှိ၊ နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမရှိ/မရှိ၊ အများပြည်သူ၏ လုံခြုံရေးနှင့် ပစည်းလုံခြုံရေးကို ထိခိုက်ခြင်းရှိ/မရှိ၊ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်းရှိ/မရှိ၊ ပြည်ထောင်စု

ဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာနအဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်းရှိ/မရှိ၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်းရှိ/မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်းရှိ/မရှိ၊ သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်းရှိ/မရှိ၊ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေရှိ/မရှိ၊ ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါဝင်ခြင်းရှိ/မရှိကို ကျနော်တို့ အဓိကစိစစ်ပါတယ်။ ဒီအချက် (၁၂)ချက်နှင့်မကိုက်ညီလို့ကတော့ မည်သည့်ဥပဒေဖြစ်စေ ကျနော်တို့ ဥပဒေကြမ်းကော်မတီက ဖြတ်တောက်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်ပါတယ်။ အဲဒီအတွက်လည်း ကျနော်တို့ အတွေ့အကြုံကောင်းများစွာ ရရှိခဲ့ပါတယ်။

အဲဒီတော့ ကျနော်တို့ ဥပဒေကြမ်းကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကိုကြည့်ရင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလအတွင်းမှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ လုပ်ငန်းသုံးရပ်ကို အဓိကထား ဆောင်ရွက်ပါတယ်။ ဒါကတော့ ပြည်သူ့လွှတ်တော်ထဲမှာ စတင်ဆွေးနွေးမယ့် ဥပဒေကြမ်းကို စိစစ်ပါတယ်။ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ ဥပဒေကြမ်းများကို စိစစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီမှာ ပါဝင်ဆွေးနွေးဆောင်ရွက်ခြင်းဆိုတဲ့ လုပ်ငန်းအဆင့် သုံးရပ်ကို ကျနော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဆောင်ရွက်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏ ဥပဒေကြမ်းစိစစ်ရေး လုပ်ငန်းအဆင့်ဆင့်ရှိပါတယ်။ ကျနော်တို့ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ကတော့ တောက်လျောက်တွေ့ကြုံနေရတာမို့ သိရှိပြီးဖြစ်သော်လည်း ဒုတိယအကြိမ်သက်တမ်း တာဝန်ထမ်းဆောင်ကြမည့် ကိုယ်စားလှယ်ကြီးများအတွက် ဒါလေးကိုလည်း ကျနော် အနည်းငယ်ဖတ်ကြားရှင်းလင်းပါ့မယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ ပြည်ထောင်စုလွှတ်တော်မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ

ဆောင်ရွက်ရန်ပေးပို့တဲ့ ဥပဒေကြမ်းများနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး သို့မဟုတ် လွှတ်တော်ကော်မတီတစ်ခုခုက တင်သွင်းသည့် ဥပဒေကြမ်းတွေကို စိစစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စုအစိုးရကပဲ တင်လာတင်လာ၊ လွှတ်တော်ကိုယ်စားလှယ်ကပဲတင်တင် ကျွန်တော်တို့ စိစစ်ပါတယ်။ စတင်ဆွေးနွေးဖို့ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတဲ့ ဥပဒေကြမ်းတစ်ရပ်ကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(က)အရ ဥပဒေကြမ်းကော်မတီကို ရောက်ရှိလာတာနဲ့ စတင်လဲပြောင်းပေးပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီကို ရောက်ရှိလာတာနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော်တို့ကလည်း ကြိုတင်လေ့လာနိုင်ရန် ဖြန့်ဝေပေးရပါတယ်။

လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကော်မတီက တင်သွင်းလာသော ဥပဒေကြမ်းတစ်ရပ်ကို နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၁)အရ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို ဖြန့်ဝေဖို့ဆောင်ရွက်ရတယ်။ နည်းဥပဒေခွဲငယ်(၂)အရ လွှတ်တော်တွင် လက်ခံဆွေးနွေးရန်သင့်/မသင့်ကို ဆောင်ရွက်ရပါတယ်။ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီးပြီဆိုမှ ဥပဒေကြမ်းကော်မတီသို့ ယင်းဥပဒေကြမ်းကို လွှဲအပ်ပါတယ်။ ယင်းဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီးပါက နည်းဥပဒေ ၁၈၃ အရ ဥက္ကဋ္ဌသည် ယင်းဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းကြေညာရပါတယ်။ ဥပဒေကြမ်းကို လက်ခံရရှိသည့်နေ့ကနေစပြီးတော့ ရုံးပိတ်ရက်များမပါဘဲနဲ့ (၇)ရက်အတွင်း ကော်မတီရဲ့အစီရင်ခံစာကို ဥက္ကဋ္ဌထံ တင်ပြနိုင်ရေးအတွက် ဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးများကျင်းပပြီး ညှိနှိုင်းမှုများကို ဆောင်ရွက်ရပါတယ်။ ဥပဒေကြမ်းကော်မတီကို လက်ခံရရှိတဲ့ ဥပဒေကို ရောက်ရှိပြီးပြီဆိုတာနဲ့ အဲဒီဥပဒေကြမ်းကော်မတီက အဲဒီဥပဒေကို လက်ထဲကိုင်ထားလို့မရပါဘူး။ ခုနစ်ရက်အတွင်းကို Report မဖြစ်မနေ ဥက္ကဋ္ဌဆီကို တင်ပြနိုင်ဖို့ ဆောင်ရွက်ရပါတယ်။ ဒီလိုစိစစ်နိုင်ဖို့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီချည်းပဲ ဆောင်ရွက်လို့မရပါဘူး။ ဥပဒေကြမ်းနဲ့သက်ဆိုင်တဲ့ကော်မတီများ ရှိပါတယ်။ ကျွန်တော်တို့ ပညာရေးနဲ့ပတ်သက်တဲ့ဥပဒေဆို ပညာရေးမြှင့်တင်မကော်မတီရှိပါတယ်။ ကျန်းမာရေးဆို ကျန်းမာရေးနဲ့ပတ်သက်တဲ့ကော်မတီ၊ စီးပွားရေးဆို စီးပွားရေးနဲ့ပတ်သက်တဲ့ကော်မတီ အသီးသီးရှိပါတယ်။ အဲဒီကော်မတီများကို ဖိတ်ကြားရပါတယ်။ နောက် အခိက စောစောက ကျွန်တော် တင်ပြတဲ့ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပညာရှင်ကြီးများကို ဖိတ်ကြားရပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနက တာဝန်ယူဖြေကြားနိုင်မည့်ပုဂ္ဂိုလ်များကို ဖိတ်ကြားရပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း

ကော်မတီက တာဝန်ရှိပုဂ္ဂိုလ်များကို ဆောင်ရွက်ရပါတယ်။ ဒီနေရာမှာ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်း
ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဆိုတာ ၂၀၁၃ လောက်မှာ နိုင်ငံတော်သမတကြီးကနေပြီးတော့မှ
ဥပဒေကြမ်းအတည်ပြုနိုင်ရေးနှင့်ပတ်သက်ပြီးတော့ လတ်တော်နှင့် အုပ်ချုပ်ရေးကဏ္ဍနဲ့ ပူးတွဲ
ဆောင်ရွက်နိုင်ဖို့ဆိုပြီးတော့ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတစ်ရပ်ကို
ဖွဲ့စည်းပြီးတော့ ဥပဒေကြမ်းကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ လိုအပ်ပါက
အရပ်ဖက်အဖွဲ့အစည်းများ လုပ်ငန်းရှင်များနှင့် ဘာသာရပ်အလိုက် ကျမ်းကျင် ပညာရှင်များ တချို့
သောဥပဒေများဟာ ဥပမာ- အသင်းအဖွဲ့လို ဥပဒေမျိုးဆိုလို့ရှိရင် ဒါ သက်ဆိုင်တဲ့ ကော်မတီများက
ကြိမ်ဖန်များစွာ၊ နေရာများစွာမှာ အကြိမ်ကြိမ်ညှိနှိုင်းပြီးတော့မှ ကျန်တော်တို့ ဥပဒေကြမ်းကော်မတီကို
သယ်ဆောင်ပြီးတော့ ပေးလာတာမျိုးရှိပါတယ်။

နောက် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ အကြံပြုချက်ပေးပို့တဲ့ ပြင်ပပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ
ဆီကလည်း ကျန်တော်တို့ ဖိတ်ကြားပါတယ်။ အကြံပြုချက်များလည်း ရယူပါတယ်။ ဥပဒေကြမ်း
တစ်ရပ်ကို နိုင်ငံတော်ပြန်တမ်းအနေနဲ့ သတင်းစာမှာထည့်လိုက်ပြီဆိုတာနဲ့ ပြည်ပပုဂ္ဂိုလ် ကိုယ်စား
လှယ်တစ်ဦးချင်းအလိုက် လူပုဂ္ဂိုလ်တစ်ဦးချင်းကသော်လည်းကောင်း၊ ကျန်တော်တို့ဆီကို အကြံပြု
နိုင်ကြပါတယ်။ တကယ်လည်း အကြံပြုစာတွေပေးပို့လာပါတယ်။ ပေးပို့လာတဲ့အကြံပြုစာများကို
လက်ခံရရှိပြီဆိုတာနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား လူကြီးမင်း၏ ပေးပို့ချက်ကို ဘယ်နေ့ဘယ်နေ့
က ကျန်တော်တို့ လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်း ဆွေးနွေးတဲ့အခါမှာ ထည့်သွင်းစဉ်းစားသွား
မည်ဖြစ်ပါကြောင်းဆိုပြီးတော့ ကျန်တော်တို့ ပြန်လည်အကြောင်းပြန်ပါတယ်။ ဆိုလိုတာကတော့ ဥပဒေ
ပြုရေးလုပ်ငန်းစဉ်တစ်ရပ်လုံးမှာ ပြည်သူများအားလုံးလည်း ပါဝင်ခွင့်ရှိဖို့ လမ်းဖွင့်ထားတယ်ဆိုတဲ့
အကြောင်းကို ဖြည့်စွက်တင်ပြလိုခြင်းဖြစ်ပါတယ်။

အဲဒီလို ညှိနှိုင်းအစည်းအဝေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပြီးတော့ ရလဒ်တွေအပေါ်မှာ
မူတည်ပြီးတော့ အစီရင်ခံစာကိုပြုစုတော့ ဥက္ကဋ္ဌကို တင်ပြရပါတယ်။ သတ်မှတ်သည့်နေ့ရက်မှာ
လတ်တော်မှာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ ကိုယ်စားလှယ်က ဥပဒေကြမ်းကို စတင်တင်သွင်း
ပြီးတော့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်တဲ့
ကော်မတီဝင်တစ်ဦးဟာ အစီရင်ခံစာကို ဖတ်ကြားရပါတယ်။ အစီရင်ခံစာကို ဖတ်ကြားမယ်။
ဖတ်ကြားလို့ရရှိတဲ့အစီရင်ခံစာကို ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို
များတင်သွင်းနိုင်အောင် ကျန်တော်တို့ အချိန်ပေးပြီးတော့ တောင်းခံပါတယ်။ လတ်တော်ကိုယ်စား

လွှယ်များက ယင်းဥပဒေကြမ်းတစ်ရပ်နဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြင်ဆင်ချက်အဆိုများတင်သွင်းလာတဲ့ ကိစရပ်များကို ဟိုးမူလ ပထမအကြိမ် လွှတ်တော်ရဲ့ ပထမအစည်းအဝေး၊ ဒုတိယအစည်းအဝေး၊ တတိယအစည်းအဝေးလောက်အထိ ကျန်တော်တို့ ဆွေးနွေးချက်များကို လွှတ်တော်ထဲမှာပဲ တစ်ခါတည်း ညှိနှိုင်းပြီးတော့ အတည်ပြုချက်ရယူခဲ့ပါတယ်။ အဲဒီအချိန်မှာ ဘာတွေသွားတွေ့သလဲဆိုလို့ရှိရင် လွှတ်တော်ထဲမှာ ပြောဆိုဆွေးနွေးကြတဲ့ဟာတွေဟာ လိုရင်းဆုံးဖြတ်ချက်ကို မရောက်နိုင်ဘဲနဲ့ အချိန်ကန့်သတ်မတွေ့၊ ကြာမြင့်မှုတွေရှိပါတယ်။ အဲဒါကြောင့်မို့လို့ နောက်ပိုင်းမှာတော့ ကျန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့လမ်းညွှန်ချက်အရ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက တာဝန်ယူပြီးတော့ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးကြပါတယ်။ ဆွေးနွေးပြီးတော့ ညှိနှိုင်းချက်၊ သဘောတူညီချက်ရရှိပြီဆိုမှ လွှတ်တော်ကို ကျန်တော်တို့က တင်ပါတယ်။ လွှတ်တော်ကို တင်ပြပြီးတော့မှ လွှတ်တော်မှာ နောက်ဆုံးအဆင့် အတည်ပြုနိုင်ချက်ကို ချောချောမောမောဆောင်ရွက်ရပါတယ်။ အဲဒီတော့ ဥပဒေ၊ နည်းဥပဒေများအရ ဥပဒေကြမ်းတစ်ခုကို ငါးနှစ်သက်တမ်းအတွင်း အတည်ပြုလို့ရှိရင် နည်းဥပဒေအရ အပိုဒ်တစ်ပိုဒ်ချင်းစီအလိုက် ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတာရှိပါတယ်။ တချို့သောဥပဒေများဟာ ပုဒ်မပေါင်း ၂၀၊ ၃၀ ကနေ ၁၀၀ ကျော်အထိရှိပါတယ်။ အဲဒီနည်းအတိုင်း ကျန်တော်တို့ ဆက်သွားမယ်ဆိုရင် ဥပဒေတစ်ခုဖြစ်ဖို့ဆိုရင် နှစ်ရက်၊ သုံးရက်တောင် အချိန်ယူရမယ့်အနေအထားမျိုးရှိတဲ့အတွက် နည်းဥပဒေမှာပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်မှာပါတဲ့ ပြဋ္ဌာန်းချက်ကိုယူပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြင်ဆင်ချက်မရှိတဲ့အပိုဒ်များကို ကျန်တော်တို့က စုစည်းပြီးတော့ နည်းဥပဒေ ၁၉၀၊ ၁၉၉ အရ ကျန်တော်တို့က အဲဒါတွေကို ဒီအချက်တွေကတော့ ပြင်ဆင်ချက်မရှိပါဘူး။ ဥပဒေကြမ်းကော်မတီက သဘောတူပါတယ်ဆိုတာနဲ့ ကျန်တော်တို့ ပူးပေါင်းပြီးတော့ တင်ပြပြီးတော့ အတည်ပြုချက်ရယူခဲ့ပါတယ်။ အဲဒါကြောင့်မို့လည်း ဥပဒေတွေကို သွက်သွက်လက်လက်ဆောင်ရွက် ခြင်းဖြစ်ပါတယ်။

မူလက ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ဥပဒေပေါင်း ၂၀၀ ကျော်လောက်အထိဖြစ်အောင်ဆောင်ရွက်မယ်ဆိုတဲ့အခါမှာ ကျန်တော်တို့ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့ပါတယ်။ မနေ့ကအထိ ၂၅-၁-၂၀၁၆ အထိ ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပေါင်း ဒီနေ့ ၂၂၉ ခုရှိပါပြီ။ ဒါ လွှတ်တော်ရဲ့မှတ်တမ်းပါ။ ၂၀၁၁ ခုနှစ်မှာ လွှတ်တော်က ပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေပေါင်းဟာ ၁၅ ခုရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ ၂၄ ခု ဥပဒေပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဥပဒေ ၃၇ ခု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၂၀၁၄ မှာ ၅၇ ခု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ပြောရရင်တော့ ၂၀၁၅ မှာ

၇၄ ခု။ ဒီဘက် ၂၀၁၆ မှာ ၂၂ ခု စုစုပေါင်း ၂၂၉ ခု ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ခြင်းဟာ လတ်တော်ကိုယ်စားလှယ်များရဲ့ အားထုတ်ကြိုးပမ်းမကို ဒါ ပုံရိပ်ထင်စေမယ်လို့ တင်ပြလိုပါတယ်။

**သုံးသပ်အကြံပြုချက်**

အဲဒီတော့ သုံးသပ်အကြံပြုချက်အနေနဲ့ ကျန်တော့်အနေနဲ့ တင်ပြပါ့မယ်။

(က) ပြည်သူ့လတ်တော်၏ လုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပြည်သူ့လတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရတဲ့ အမြဲတမ်းကော်မတီလေးရပ်၊ မထူးပါဘူး။ ကျန်တဲ့ကော်မတီများဟာလည်း ပြည်သူ့လတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရပါတယ်။ ပြည်သူ့လတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်း၍ တာဝန်များ ခွဲဝေဆောင်ရွက်ကြရပါတယ်။ လတ်တော်ရှိ ကော်မတီအသီးသီးတို့၏ ဟန်ချက်ညီညီ လပ်ရှားဆောင်ရွက်နိုင်မှုသည် လတ်တော်၏လုပ်ငန်းများ အောင်မြင်ရေးအတွက် အဓိကသော့ချက်ဖြစ်ပါတယ်။ သက်ဆိုင်တဲ့ ဥပဒေတစ်ရပ်ရောက်ပြီဆိုရင် သက်ဆိုင်တဲ့ကော်မတီကို အပ်ပါတယ်။ ကော်မတီရဲ့ သဘောထားရမှ ဥပဒေကြမ်းကော်မတီက စောစောက ကျန်တော် တင်ပြတဲ့ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီးတော့ အဆင့်ဆင့် အကြိမ်ကြိမ် အဖန်ဖန် စိစစ်ပါတယ်။ စိစစ်ပြီးတော့မှ အစီရင်ခံတင်ပါတယ်။ အဲဒီအစီရင်ခံစာကိုမှ လတ်တော်ကိုယ်စားလှယ်များက ထပ်မံဆွေးနွေးပါတယ်။ ဆွေးနွေးမယ့်စာရင်းပေးထားတဲ့ ဆွေးနွေးချက်များကိုလည်း အကြိမ်ကြိမ်စိစစ်ပြီးတော့မှ လတ်တော်မှာ အတည်ပြုချက်ရယူ နိုင်အောင်ဆောင်ရွက်ပါတယ်။ ဒါ အဓိကသော့ချက်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

(ခ) ပြည်သူ့လတ်တော် ဥပဒေကြမ်းကော်မတီက ပထမအကြိမ် ပြည်သူ့လတ်တော် သက်တမ်းအတွင်း ဥပဒေပြုရေးလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး လတ်တော်တစ်ရပ်လုံး၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။ ဒါကတော့ အထူးတင်ပြစရာလိုမည် မဟုတ်ပါ ဘူး။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးပြီး အချင်းချင်းအပြန်အလှန်

ထိန်ကျောင်းရမည်ဖြစ်ရာ ပြည်ထောင်စုလတ်တော်၊ ပြည်သူ့လတ်တော်နှင့် အမျိုးသား လတ်တော်တို့၏ ဥပဒေပြုရေးလုပ်ငန်းအဆင့်ဆင့်တိုင်းတွင် ဥပဒေကို အကောင် အထည်ဖော်ဆောင်ရွက်ရမည့် အုပ်ချုပ်ရေးကဏ္ဍနှင့်လည်းကောင်း၊ ဥပဒေနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ရပါသည်။

(ဃ) ဥပဒေကြမ်းကော်မတီအနေနှင့် လတ်တော်တစ်ရပ်လုံးအတွက် ဥပဒေပြုရေးကဏ္ဍအ လိုက် အဓိကတာဝန်ယူဆောင်ရွက်ရသည်နှင့်အညီ လတ်တော်၏ အစည်းအဝေးအစီ အစဉ်များတွင် တင်သွင်းမည့် ဥပဒေကြမ်းများကို ကြိုတင်စိစစ်နိုင်ရေးအတွက် အချိန်ယူဆောင်ရွက်ရပါသည်။ သေချာပါတယ်။ ကျနော်တို့ အခု (၁၃)ကြိမ်မြောက် လတ်တော်သက်တမ်း ပထမအကြိမ်ကနေစပြီးတော့ (၁၃)ကြိမ်ရှိပါသည်။ ပထမအကြိမ် လတ်တော်သက်တမ်းတစ်ရပ်အတွက် ကျနော်တို့ Session တစ်ခုအတွက် လတ်တော် အစည်းအဝေး စခေါ်ပြီဆိုလို့ရှိရင် ဥပဒေကြမ်းကော်မတီက ၁၀ ရက် လောက်ကြိုလာ ပြီးတော့ ဘာတွေလုပ်ရလဲဆိုလို့ရှိရင်တော့ ကျနော်တို့ လတ်တော်အစည်းအဝေး ကြီးမှာ နေ့အလိုက်၊ နေ့အလိုက် အစီအစဉ်တွေ၊ ဥပဒေကြမ်းတွေ အတည်ပြုနိုင်ဖို့ ကြိုတင်စိစစ်ရပါတယ်။ ကြိုပြီးတော့ လာရပါတယ်။ ကြိုတင်စိစစ်ရပါတယ်။ ဒါမှသာ လျင် လတ်တော်က သူ့နေ့အလိုက် ဥပဒေများကို ဆက်ကာဆက်ကာ ဆောင်ရွက်သွား နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီကတော့ ရှေ့ကနေပြီးတော့မှ အားထုတ်ကြိုးပမ်းဆောင်ရွက်ပေးဖို့ အမြဲလိုအပ်တဲ့ ကော်မတီတစ်ရပ်ဖြစ်ပါတယ်။ ပြီးရင်လည်း နောက်ဆုံးမှ ပြန်ရပါတယ်။ ကျနော်တို့ ဒါကတော့ မပြန်မဖြစ်တော့ မဟုတ်ပါဘူး။ ကျနော်တို့ လိုအပ်တဲ့လုပ်ငန်းတွေ၊ ရုံးလုပ်ငန်းတွေ၊ စိစစ်ရမည့် လုပ်ငန်းတွေ ပြီးစီးမှပြန်ရပါတယ်။ စောပြီးတော့လည်း လာရပါတယ်။ ပြောရရင်တော့ ကျနော်တို့ စေတနာထားပြီးတော့ ဆောင်ရွက်ခဲ့တယ်ဆိုတဲ့ဟာလေး လတ်တော်ကို အသိပေးလိုပါတယ်။

(င) လတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းတစ်ရပ်သည် ပါဝင်သင့်သည့် ဥပဒေ၏ ရည်ရွယ်ချက်၊ အနှစ်သာရရေးထုံးပိုင်းများကို ပြီးပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်။ စာအရပြောပါမယ်။ ကျနော်တို့ တကယ့်စကားအရပြောရမယ်ဆိုရင်တော့ ငါးနှစ်တာ ကျနော်တို့ ဥပဒေတကသိုလ်ကြီးကို ကျနော်တို့လာတက်ရသလိုပါပဲ။ ဥပဒေကြမ်း

ကော်မတီတွေကို ဒီနေ့ သွားမေးလိုက်လို့ ဥပဒေကြမ်းတစ်ရပ်ပြောလိုက်တာနဲ့ ဥပဒေပေါင်း ၂၂၉ ခုတောင် အတည်ပြုထားတော့ ဘယ်ဟာကတော့ လိုနေတယ်။ ဘယ်ဟာကတော့ ပိုနေတယ်ဆိုတာ ချက်ချင်းတန်းသိပါတယ်။ ဒီအတွေ့အကြုံများကို အဲဒီတော့ ဥပဒေတစ်ခုမှာ ရပြီဆိုတာနဲ့ ဒီဥပဒေဟာ မူဝါဒပိုင်းက နံပါတ်(၁)။ ဟောဒီမှာ ဘာမူလဲ။ ဘာနဲ့ရေးထားတာလဲဆိုတာ ကျန်တော်တို့က သိပါတယ်။ ပြီးရင် ရေးထုံးပိုင်း၊ အနှစ်သာရပိုင်း ပြည့်စုံမရှိ/မရှိ၊ ဒါနဲ့ပတ်သက်လို့ ကျန်တော်တို့ အကြိမ်ဖန်များစွာ ညှိနှိုင်းပြောဆိုရတာတွေရှိပါတယ်။ တချို့လည်း ပြည့်ပြည့်စုံစုံရေးဆွဲပြီးမှ ရောက်ရှိလာတာတွေရှိပါတယ်။ တချို့လည်း လိုအပ်ချက်များနှင့် ရောက်ရှိလာတဲ့ဥပဒေကြမ်းများလည်း ရှိပါတယ်။

(စ) လတ်တော်သို့ တင်သွင်းသည့်ဥပဒေကြမ်းများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာစိစစ်နိုင်ရန်အတွက် သက်ဆိုင်သည့်လတ်တော်ကော်မတီအသီးသီးမှ ကြိုတင်လေ့လာစိစစ်ပြီး ၎င်းတို့၏ အကြံပြုချက်များကို ရယူဆောင်ရွက်သင့်ပါတယ်။ ဒါ သေချာပါတယ်ခင်ဗျာ။ နောက်လတ်တော်များမှာလည်း ဒါဟာ ကော်မတီအသီးသီးကနေပြီးတော့ ဝိုင်းဝန်းစိစစ်ကြဖို့ဖြစ်ပါတယ်။ စိစစ်ပြီးပြီဆိုမှ ဥပဒေကြမ်းကော်မတီမှာ ဒါတွေ၊ ဒါတွေ တွေ့တယ်ဆိုတဲ့ ဟာတွေအပေါ်မှာ ပေးလာလို့ရှိရင် ပိုပြီးတော့အဆင်ပြေ ချောမွေ့နိုင်မှာဖြစ်တဲ့အကြောင်း သုံးသပ်တင်ပြရခြင်းဖြစ်ပါတယ်။

(ဆ) ဥပဒေကြမ်းကို စိစစ်ဆွေးနွေးရာ၌ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအား ဖိတ်ကြားရာတွင် အဆုံးအဖြတ်ပေးနိုင်မည့်ပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် ညှိနှိုင်းဆွေးနွေးချက် ရလဒ်များအပေါ် ပြောင်းလဲပြင်ဆင်ရခြင်းကြောင့် ဥပဒေကြမ်းတစ်ရပ် အတည်ပြုရာတွင် နှောင့်နှေးကြန့်ကြာမများ ကြုံတွေ့ရပါသည်။ ဒါကတော့ အားလုံးတော်တော်များများ လက်တွေ့ပါပဲ။ ဥပဒေကြမ်းတစ်ရပ် သက်ဆိုင်သည့်ဝန်ကြီးဌာနက တင်သွင်းလာတယ်။ တင်သွင်းလာတဲ့ ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့ ဝန်ကြီးဌာနက ရည်ရွယ်ချက်အရ တင်သွင်းလာတဲ့ဥပဒေကို ကျန်တော်တို့ ဆွေးနွေးတဲ့အခါမှာ သက်ဆိုင်တဲ့ဝန်ကြီးများဟာ အကြောင်းအမျိုးမျိုးကြောင့် သူတို့ ခရီးလွန်နေလို့သော်လည်းကောင်း အချိန်မီမတက်ရောက်နိုင်တာတွေရှိပါတယ်။ ဝန်ကြီး၊ ဒုတိယဝန်ကြီး တချို့လည်းတက်ပါတယ်။ အများသောအားဖြင့်ကတော့ ညွှန်ကြားရေးမှူးတို့၊

ညွှန်ကြားရေးမှူးချုပ်တို့ တက်ပါတယ်။ အဲဒီတော့ ညှိနှိုင်းဆွေးနွေးစဉ်ကတော့ သူတို့နဲ့ အဆင်ပြေတယ်။ သဘောတူတယ်။ သို့သော် အတည်ပြုတဲ့အချိန်ကျတော့ အဲဒီလို မဟုတ်တဲ့အတွက် တစ်ခါ ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ နှောင့်နှေးကြန့်ကြာပြီးတော့ အခက်အခဲဖြစ်တဲ့ဟာတွေ ရှိပါတယ်ဆိုတာလေး ဒါလေး တင်ပြလိုခြင်းဖြစ်ပါတယ်။

(၉) ဥပဒေကြမ်းတွေကို မူလ လတ်တော်နှစ်ရပ်တွင် ဆွေးနွေးစဉ်က သဘောတူခဲ့ပြီး ဖြစ်သော်လည်း နိုင်ငံတော်သမတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အချိန်တွင် လတ်တော်၏ ဆုံးဖြတ်ချက် ပြောင်းလဲသွားခြင်းများလည်း တွေ့ရပါတယ်။ ဒါကလည်းမှန်ပါတယ်။ ပြည်သူ့လတ်တော်က သဘောထားတစ်ရပ်၊ အမျိုးသားလတ်တော်က သဘောထားတစ်ရပ် တစ်ထပ်တည်းဖြစ်ဖို့ ခဲယဉ်းပါတယ်။ တော်တော်များများဟာ သဘောထားကွဲလွဲသလို၊ ကွဲလွဲတတ်တဲ့သဘာဝရှိသလို နိုင်ငံတော်သမတကြီးရဲ့အမြင်နဲ့ကြည့်လိုရှိရင်လည်း ကွဲလွဲတာတွေရှိပါတယ်။ အဲဒါကြောင့်မို့ တချို့ကိစများဟာ ကျန်တော်တို့ ပြည်ထောင်စုလတ်တော်က အတည်ပြုလိုက်ပေမယ့် သဘောထားမှတ်ချက်လာတဲ့အခါမှာ သမတကြီးရဲ့ သဘောထားမှတ်ချက်ကို ပြန်လည်လိုက်လျောရတာတွေလည်း ရှိတယ်ဆိုတာ ဒါတင်ပြလိုခြင်းဖြစ်ပါ တယ်။

(၁၀) ပြင်ဆင်ချက်အဆို တင်သွင်းကြသည့် ကိုယ်စားလှယ်တို့သည်လည်းဆိုတဲ့ဟာ ရှိပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်အချို့ကို ဆိုလိုခြင်းဖြစ်ပါတယ်။ လတ်တော် ဥပဒေနှင့် နည်းဥပဒေများအတိုင်း တိကျစွာဆောင်ရွက်ရန် ဥပဒေကြမ်းတစ်ရပ်လုံးအား ခြုံငုံဆွေးနွေးအကြံပြုကြသည့်အတွက်၊ ဒါကတော့ ခွင့်လတ်ပေးပါမှတ်ချက်မှာ ရေးထားပေးတဲ့အတွက်။ ကျန်တော်တို့ လတ်တော်ကိုယ်စားလှယ်ကြီးများကို ဘယ်ဥပဒေနဲ့ပတ်သက်လို့၊ ဒီဥပဒေနဲ့ပတ်သက်လို့ အကြံပြုချက်များတင်သွင်းကြပါ ဆိုတဲ့အခါမှာ တချို့က ဘယ်ဥပဒေရဲ့အပိုဒ် ဘယ်လောက်၊ အပိုဒ်ခွဲဘယ်လောက်က ဒီပြဋ္ဌာန်းချက်ကို ဘယ်လိုပြင်ချင်တယ်လို့ အတိအကျရေးရပါတယ်။ တချို့ဥပဒေကတော့ မဟုတ်ဘူး ဆွေးနွေးမှာ၊ ဘာလဲ ဆွေးနွေးမှာပဲပြောပါတယ်။ ဆွေးနွေးမှာဆိုတဲ့အတွက် ကိုယ်စားလှယ်တစ်ဦးကို ကျန်တော်တို့ကလည်း သူရဲ့အခွင့်အရေးကို မထိခိုက်စေလိုတဲ့အတွက် သူ့ကိုဆွေးနွေးခွင့်လည်း ပြုရပါတယ်။ သို့သော် ဘယ်အပိုဒ်၊ ဘယ်အပိုဒ်ခွဲကို လုပ်မယ်ဆိုတာတော့ ဆွေးနွေးခြင်းဟာ

ပိုပြီးတော့ ကျနော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဆောင်ရွက်ရတာဟာ ပိုပြီးတော့ အဆင်ပြေကြောင်း တင်ပြလိုခြင်းဖြစ်ပါတယ်။

(ည) လတ်တော် အစည်းအဝေး၏ အချိန်များ မဆုံးရှုံးစေရန် ပြင်ဆင်ချက် တင်သွင်းသူ ကိုယ်စားလှယ်များအား ကော်မတီတွင် ကျယ်ကျယ်ပြန့်ပြန့် လွတ်လပ်စွာ ဆွေးနွေး ခွင့်ပြုပြီး အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်သော်လည်း လတ်တော်အစည်းအဝေးအတွင်း၌သာ ဆွေးနွေးလိုသည့် အခြေအနေများလည်း ကြုံတွေ့ရပါတယ်။ အချို့မှာလည်းရှိပါတယ်။ ဒါလည်း ကျနော်တို့နားလည်ပေးလို့ရပါတယ်။ မင်းတို့ကော်မတီမှာ မပြောချင်ဘူး။ လတ်တော်ကြီးကျမှပဲ တရားဝင်ပြောမယ်ဆိုပြီးတော့ အဲဒါမျိုးလည်းရှိပါတယ်။ ဒါလည်းကြုံတွေ့ရပါတယ်။

(ဋ) ဥပဒေကြမ်းများအား ဆွေးနွေးကြရာ၌ ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ မထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အဓိကထားပြီး ဆွေးနွေးဆောင်ရွက်သင့်ပါတယ်။ ဒါကတော့ အထူးအထွေရှင်းပြစရာလိုအပ်မယ် မထင်ပါဘူး။

(ဌ) ဥပဒေကြမ်းများကို စိစစ်ရာတွင် လတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကျမ်းကျင်သူများ၊ ပညာရှင်များ၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့်သူများအားလုံး ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အချိန်ကာလ တစ်ခု လိုအပ်ပါတယ်။ အကောင်းဆုံးကတော့ အချိန်ယူဆောင်ရွက်နိုင်ရင် ပိုကောင်းတယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။ တချို့ကိစများမှာ ကျနော်တို့ အချိန်မယူဘဲနဲ့၊ အချိန်မယူနိုင်ဘဲနဲ့ လိုအပ်ချက်အရ ဆောင်ရွက်လိုက်လို့ အလောသုံးဆယ် ဆောင်ရွက်လိုက်ရတဲ့ ကိစများရှိပါတယ်။

(ဍ) ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များ၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ တာဝန်များကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ပါ၍ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အုပ်ချုပ်မှုကိစရပ်များနှင့် လိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါသည်။ ကျနော်တို့တစ်တွေ လတ်တော်ကြီးကနေပြီးတော့မှ အတည်ပြုလိုက်တယ် ဆိုတာနဲ့ အဲဒီအတည်ပြုလိုက်တဲ့ဥပဒေကြမ်းကို အမျိုးသားလတ်တော်ပို့စရာရှိတာ

ပို့ရမယ်။ ပြည်ထောင်စုလတ်တော်သို့ ပို့စရာရှိတာ ပို့ရမယ်။ နောက်ပိုင်းကတော့ ရုံးဝန်ထမ်းများဟာ ဆက်လက်ပြီးတော့ ဆောင်ရွက်ရပါတယ်။ ရုံးဝန်ထမ်းများ ဆောင်ရွက်ရတယ်ဆိုသော်လည်း ကျန်တော်တို့ တာဝန်ခံရတာက ကော်မတီဖြစ်တဲ့ အတွက် ကော်မတီအနေနဲ့ အမှားအယွင်းမရှိစေရေး စိစစ်ပေးရခြင်းများ ရှိပါတယ် ဆိုတာလေးကို ရုံးဝန်ထမ်းများလည်း ဒီနေ့ဒီအချိန်ထိကို အားထုတ်ကြိုးပမ်းဆောင်ရွက် ခဲ့မများကြောင့်သာလျင် ဒီနေ့ ကျန်တော်တို့ ဥပဒေပေါင်း ၂၂၉ ခု အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

(ပ) ဥပဒေပြုလတ်တော်များမှ ဥပဒေများကို ထုတ်ပြန်ပြီးနောက် ၎င်းဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့်နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများကိုလည်း အချိန်မီ ပြဋ္ဌာန်းနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စု အဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

(ဏ) နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် လိုအပ်သည့် ဥပဒေများ အသစ်ပြဋ္ဌာန်းရန် လိုအပ်သလို တည်ဆဲဥပဒေများကိုလည်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက် ခြင်းများလည်း လေ့လာသုံးသပ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(တ) ဥပဒေကြမ်းကော်မတီဝင် လတ်တော်ကိုယ်စားလှယ်များ၊ ရုံးဝန်ထမ်းများ အားလုံး၏ အရည်သွေးမြင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက် ရမည် ဖြစ်ပါသည်။

(ထ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ အဆင့်ဆင့်ရဲ့လမ်းညွှန် မများလည်း ကျန်တော်တို့ လိုအပ်တယ်ဆိုတဲ့အကြောင်း သုံးသပ်တင်ပြထားခြင်း ဖြစ်ပါတယ်။

**နိဂုံး**

၁၇။ နိဂုံးချုပ်အားဖြင့် တင်ပြပါ့မယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြု ရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့သည် တတ်နိုင်သမျှပိုင်းခြားကျင့်သုံးပြီး အချင်းချင်း အပြန်အလှန်ထိန်းကျောင်းရမည်ဖြစ်ရာ ဥပဒေပြုရေးကဏ္ဍ၌ တာဝန်ရှိသော လတ်တော်များ၏ အခန်း

ကဏ္ဍသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီးပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ ကော်မတီဝင်များအားလုံးက စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် ဥပဒေပြုရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒါကတော့ အထူး ကျနော်တို့အနေနဲ့ တင်ပြချင်ပါတယ်။ အဲဒါကလည်း ဘာလဲဆိုတော့ ကျနော်တို့ဥပဒေကြမ်းကော်မတီမှာလည်း ကော်မတီဝင် ၁၅ ဦးရှိသော်လည်း ပါတီအစုံပါပါတယ်။ အဲဒီတော့ ပါတီအစုံပါသော်လည်း လုံးဝ အားလုံးတစ်ဦးပေါ်တစ်ဦး နားလည်မှုရှိကြပါတယ်။ အပြန်အလှန်လေးစားမှုလည်းရှိကြပါတယ်။ အဲဒါကြောင့်မို့လို့ ကျနော်တို့ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ခြင်းရှိပါတယ်။ ဒီလို စည်းလုံးညီညွတ်မှုကို ဦးစွာတည်ဆောက်ထားနိုင်လို့သာလျှင် ဒီနေ့အထိ ဥပဒေကြမ်းကော်မတီရဲ့လုပ်ငန်းများ အောင်မြင်ခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဥပဒေကြမ်းကော်မတီတွင် ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများသည်လည်း ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး၊ ဥပဒေကြမ်းကော်မတီရှိ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများသည် မိသားစုစိတ်ဓာတ်အပြည့်အဝနှင့် လက်ရည်တစ်ပြင်တည်း ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

ထို့အပြင် ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ဥပဒေကြမ်းကော်မတီအနေဖြင့် စေတနာအရင်းခံပြီး နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့ပါသည်။ ဒါပထမ ကျနော်တို့ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ ဖတ်တုန်းကလည်း ပြောဖူးပါတယ်။ ကျနော်တို့ ဥပဒေကြမ်းကော်မတီမဟုတ်ပါဘူး။ ဥပဒေချော ကော်မတီပါဆိုတဲ့ဟာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းနိုင်ဖို့အတွက် အဆင်ပြေအောင် သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း ညှိနှိုင်းရတာရှိပါတယ်။ ပြင်ဆင်ချက်အဆိုတင်တဲ့ ကိုယ်စားလှယ်များကိုလည်း ဘာကြောင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်းဆိုတဲ့ အကြိမ်ကြိမ်ညှိနှိုင်းပြီးတော့ အဲဒီလိုဆောင်ရွက်ပြီးတော့ စိတ်ရှည်လက်ရှည်ဆောင်ရွက်မှ ဥပဒေတစ်ရပ်ဟာ ချောချောမောမောထွက်ပါတယ်။ ပြောရလို့ရှိရင် ကျနော်တို့ ချော့ရတာတွေ ရှိပါတယ်ဆိုတာ ပြောချင်ပါတယ်။

**မူကြမ်း**

အနာဂတ် လတ်တော်သက်တမ်း အဆက်ဆက်တွင် ဥပဒေပြုရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပြီး နောင်လာမည့် လတ်တော်၏ ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများအနေဖြင့် ဥပဒေပြုလုပ်ငန်းများကို ကျန်တော်တို့ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ဥပဒေပေါင်း ၂၂၉ ခုရှိသလို ဥပဒေ ၂၂၉ ခုရဲ့ ဖိုင် ၂၂၉ ဖိုင်ကိုလည်း စနစ်တကျပြုစုထားရှိပါတယ်။ ဘယ်နေ့ဘယ်ရက်က ဒီဥပဒေကြမ်းကိုပေးပို့လာတယ်။ ဥပဒေကြမ်းကော်မတီက လက်ခံရရှိတယ်။ ဘယ်နေ့ဘယ်ရက်က အစည်းအဝေးတွေကျင်းပပါတယ်။ အစည်းအဝေးမှာ ဆွေးနွေးချက်ကတော့ ဒါတွေပါ။ ဒီဆွေးနွေးချက်များကိုမူတည်ပြီးတော့ အစီရင်ခံရေးသားတာ ဒီလိုရေးသားပါတယ်။ အစီရင်ခံစာကို ဘယ်နေ့က လတ်တော်အစည်းအဝေးမှာ ဖတ်ကြားပါတယ်။ ဒီလတ်တော်အစည်းအဝေးမှာ ဖတ်ကြားတဲ့ အစီရင်ခံစာကို လတ်တော်ကိုယ်စားလှယ် ဦးဘယ်သူတို့၊ ဒေါ်ဘယ်သူတို့က ဆွေးနွေးကြပါတယ်။ ဆွေးနွေးကြပြီးတော့ လတ်တော်က မဲခွဲတယ်။ လတ်တော်က ဘယ်လိုဆုံးဖြတ်ခဲ့တယ်။ လတ်တော်တစ်ရပ်လုံးက သဘောတူခဲ့တယ်ဆိုတဲ့ မှတ်တမ်းအသေးစိတ် အကျဉ်းချုပ်ကို ဖိုင်တစ်ဖိုင်ချင်းလိုက် ပြုစုထားပါတယ်။ အဲဒါကြောင့်မို့လို့ နောင် ဆက်လက်တာဝန်ယူရမယ့် ဥပဒေကြမ်းကော်မတီဝင်များ၊ ဥပဒေကြမ်းကော်မတီများအနေနဲ့လည်း ရှေ့မှာဆောင်ရွက်ထားတဲ့လုပ်ငန်းများကိုသာ ကျန်တော်တို့ တန်းပြီးတော့ ဆောင်ရွက်နိုင်အောင် ပြင်ဆင်ပေးထားပါကြောင်းလို့လည်း တင်ပြလိုပါတယ်။ ဒီ့ထက်ကောင်းတဲ့နည်းလေးတွေ ဒီ့ထက်ကောင်းတဲ့နည်းလမ်းတွေရှိရင်လည်း ပြင်ဆင်ဆောင်ရွက်နိုင်အောင်လည်း ဆောင်ရွက်ပေးထားပါကြောင်းလည်း တင်ပြလိုပါတယ်။

ကျန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးမချုပ်ခင်မှာ ကျန်တော့်အနေနဲ့လည်းကောင်း၊ ကော်မတီအနေနဲ့လည်းကောင်း ဟောဒီ ပြည်သူ့လတ်တော်ကိုယ်စားလှယ်များကို တောင်းပန်ရမယ့်စကားလည်းရှိပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ဒီဥပဒေပြုရေးအတွက် ကော်မတီမှာ ဆွေးနွေးတဲ့အခါမှာလည်းကောင်း၊ ဥပဒေကြမ်းအတည်ပြုရေးအတွက် ဟောဒီ လတ်တော်ကြီးထဲမှာ ဆွေးနွေးတဲ့အခါမှာလည်းကောင်း အပြန်အလှန် ဆွေးနွေးရတာတွေရှိပါတယ်။ ငြင်းခုံရတာတွေရှိပါတယ်။ ဥပဒေပြုရေးနှင့်ပတ်သက်လို့ ခိုင်မာစေရေးပြောကြားရတာတွေ ရှိပါတယ်။ အဲဒီလို ပြောကြားတဲ့နေရာမှာ ကျန်တော်တို့ စကားအရ ကြမ်းတမ်းတဲ့အသုံးအနှုန်းတွေ တကယ်လို့များ ရိုင်းပြတဲ့အသုံးအနှုန်းများ ပါသွားရင် ငါးနှစ်စာအတွက် အခုမှသာ တောင်းပန်ရတယ်လို့ သဘောမထားပါနဲ့။ ကျန်တော်တို့ လွဲမှားတာရှိရင် ကျန်တော်ကိုယ်တိုင်သော်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီဝင်များသော်လည်း

**မူကြမ်း**

ကောင်း လွဲမှားတာရှိရင်လည်း ဟောဒီ လတ်တော်ကိုယ်စားလှယ်ကြီးများကို တောင်းပန်အပ်ပါတယ်။ ကျန်တော်တို့တစ်တွေအနေနဲ့၊ ဥပဒေကြမ်းကော်မတီအနေနဲ့ ပထမအကြိမ် လတ်တော်သက်တမ်း အတွင်းမှာ စိတ်ရင်းစေတနာအမှန်နဲ့ အားထုတ်ကြိုးပမ်းပြီးတော့ ဆောင်ရွက်ခဲ့တာ တကယ့်စိတ်ရင်း အမှန်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ မှတ်တမ်းလည်းတင်ခံနိုင်ပါတယ်။ မှတ်ကျောက်လည်းတင်ခံနိုင်ပါ တယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်ခြင်းနဲ့ ရရှိတဲ့အတွေ့အကြုံများကို စုစည်းပြီးတော့ လတ်တော် ကိုယ်စားလှယ်များကိုလည်းကောင်း နောက်ဆက်လက်တာဝန်ထမ်းဆောင်ကြမယ့် လတ်တော် ကိုယ်စားလှယ်ကြီးများကိုလည်းကောင်း ခြုံငုံသုံးသပ်တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ သုံးသပ်အကြံပြုချက် ပြည့်စုံစွာတင်ပြပေးတဲ့ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းအား ကျေးဇူးအထူးတင်ရှိပါတယ်။

## ပြည်သူ့ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် ပြည်သူ့ငွေစာရင်းကော်မတီက သုံးသပ်အကြံပြုချက် တင်ပြရန်ဖြစ်၍ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးညီညီမြင့်(အဖွဲ့ဝင်၊ ပြည်သူ့ငွေစာရင်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်အပေါင်း မင်္ဂလာများ နှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့ လတ်တော်သက်တမ်းကာလအတွင်း ကော်မတီရဲ့လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်အစီရင်ခံစာကို တင်ပြပေးမယ့် ကျန်တော် ပြည်သူ့လတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီဝင်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်မှ တင်ပြသွားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပထမအကြိမ် ပြည်ထောင်စုလတ်တော် အစည်း အဝေးကို ၃၁-၁-၂၀၁၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၄၁ အရ ထိုနေ့မှစ၍ ပြည်ထောင်စုသမ္မတ မြန်မာ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ခဲ့ပါသည်။ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၄) ဥပဒေပြုရေးပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည် -

ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၂။ အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး၏ တတိယနေ့ ၃-၃-၂၀၁၁ ရက်နေ့တွင် ပြည်သူ့ငွေစာရင်းကော်မတီကို ဥက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူးတစ်ဦးနှင့် အဖွဲ့ဝင်(၁၃)ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ငွေစာရင်းကော်မတီ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းဖြစ်တဲ့အတွက် ကော်မတီ၏သက်တမ်းသည် ၃၁-၁-၂၀၁၆ ရက်နေ့တွင် ကုန်ဆုံးမှာဖြစ်ပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုအရ ပထမအကြိမ်ပြည်သူ့လွှတ်တော် သက်တမ်းကာလအတွင်း ဖွဲ့စည်းခဲ့သော ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန် ထမ်းဆောင်မှုနှင့် ပတ်သက်၍ သုံးသပ်အကြံပြုအစီရင်ခံစာကို ရေးသားပြုစုရန် ပြည်သူ့လွှတ်တော်သို့ တင်ပြအစီရင်ခံအပ်ပါသည်။

## ရည်ရွယ်ချက်

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း ဖွဲ့စည်းဆောင်ရွက်ခဲ့သော ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့် ပတ်သက်၍ သုံးသပ်အကြံပြုချက်များဆိုင်ရာအစီရင်ခံစာကို ပြုစုထားရှိခြင်းဖြင့် နောက်လာမယ့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း ဖွဲ့စည်းဆောင်ရွက်မည့် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို အထောက်အကူပြုစေရန် ဖြစ်ပါတယ်။

## တွေ့ရှိချက်များ

၅။ ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီ၏တာဝန်နှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၈ နည်းဥပဒေခွဲ(ခ)တွင် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသော ငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်ဟု ဖော်ပြထားပါသည်။ ကော်မတီအနေဖြင့် မြစ်ရေတင်စီမံကိန်းများနှင့် ပတ်သက်၍ သုံးသပ်ရေးသားရာတွင် လောကနန္ဒာ မြစ်ရေတင်စီမံကိန်းကို သွားရောက်စစ်ဆေးဖို့လို့အတွက် တင်ပြခဲ့သော် လည်းသွားရောက် စစ်ဆေးခွင့်မရရှိခဲ့ပါ။ အရှုံးပေါ်နေသော စက်ရုံများကိုလည်း သွားရောက်စစ်ဆေးဖို့လို့ တင်ပြခဲ့သော်လည်း ကြည့်ရှုနိုင်ခြင်း၊ စစ်ဆေးနိုင်ခြင်းမရှိဘဲ ခေါ်ယူမေးမြန်းခြင်းဖြင့်သာ သုံးသပ်တင်ပြခဲ့ရပါသည်။ အလားတူ ဆည်မြောင်း တာတမံများကိုလည်း သွားရောက်စစ်ဆေးကြည့်ရှုခွင့် မရရှိခဲ့ပါ။ ဒါကြောင့်ကော်မတီ၏ လုပ်ငန်းတာဝန်များ ကို နည်းဥပဒေပါသတ်မှတ်ချက်၊ ပြဋ္ဌာန်းချက်များနှင့်အညီ ထိရောက်စွာဆောင်ရွက်နိုင်မှု မရှိခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၏ အပြည့်အဝပူးပေါင်း ပါဝင်ဆောင်ရွက်မှုမရှိခြင်းများကို တွေ့ရှိရပါသည်။

(ခ) ပြည်သူ့ငွေစာရင်းကော်မတီသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အမြဲတမ်းကော်မတီတစ်ခုဖြစ်ပါသည်။ ကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၈ အရ တိုက်ရိုက်ဆက်သွယ်ပြီဟုဖော်ပြထားသော်လည်း ပြည်သူ့လွှတ်တော်ရုံးနှင့် ပြည်ထောင်စုအစိုးရဖွဲ့ရုံးမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ရကြောင်း တွေ့ရှိရပါသည်။

(ဂ) ကော်မတီဝင်များအနေဖြင့် လွှတ်တော်၏ တာဝန်ပေးချက်အရလည်းကောင်း၊ လွှတ်တော်၏ လုပ်ငန်းတာဝန်များအရလည်းကောင်း ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပချိန်တွင် ပြင်ပအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ကြ ခြင်းများရှိပါသည်။ ထိုသို့ တာဝန်ဖြင့်သွားရောက်ရ၍ ပြည်သူ့လွှတ်တော်၏ အစည်းအဝေးမတက်ရောက်နိုင်သည့်အခါမျိုးတွင် တာဝန်ဖြင့် ပျက်ကွက်ခြင်းခံရခြင်း မရှိဘဲ ခွင့်ဖြင့်ပျက်ကွက်ခြင်းသာ သတ်မှတ်ခံရသဖြင့် ကိုယ်စားလှယ်များ၏ တာဝန်

**မူကြမ်း**

ထမ်းဆောင်လိုစိတ်နှင့် ရပိုင်ခွင့်အခွင့်အရေးများ ထိခိုက်နစ်နာစေကြောင်း တွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်အနေဖြင့် ကော်မတီများအား အစည်းအဝေးကျင်းပသည့် နေ့ရက်ကို သတ်သတ်မှတ်မှတ် ထုတ်ပြန်ထားခြင်းမရှိသဖြင့် ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

(င) ပြည်သူ့ငွေစာရင်းကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်းရှိ/မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးခွင့်မရှိဘဲ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအပေါ်၌သာ သုံးသပ်အကြံပြုနေရပါသည်။ ထိုသို့ ကော်မတီ၏ သုံးသပ်အကြံပြုတိုက်တွန်းချက်များကိုလည်း အစိုးရအဖွဲ့အနေဖြင့် ပူးပေါင်းလိုက်နာမမရှိဘဲ အတတ်နိုင်ဆုံးလျစ်လျူရှုထားမရှိကြောင်း တွေ့ရှိရပါသည်။

(စ) လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးနှင့် အမျိုးသားစီမံကိန်းဆိုင်ရာဥပဒေကြမ်းများကို စိစစ်ထောက်ခံတင်ပြရာတွင် လုပ်ငန်းများဆိုင်ရာ စီမံကိန်းအသေးစိတ်အချက်အလက်များကို ရရှိစစ်ဆေးနိုင်ခြင်းမရှိသဖြင့် အခက်အခဲများ၊ အားနည်းချက်များ တွေ့ကြုံနေရပါသည်။

(ဆ) ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းစဉ်က ကော်မတီဝင်တစ်ဦးချင်းကို တာဝန်ယူဆောင်ရွက်ရမည့် ဝန်ကြီးဌာနများ သီးသန့်သတ်မှတ်၍ ခွဲဝေဆောင်ရွက်ရပြီး ကော်မတီဝင်တစ်ဦးအတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရန် ဝန်ထမ်းများလည်းပြည့်စုံစွာရှိသဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်မရှိသော်လည်း နောက်ပိုင်းတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအနေဖြင့်သာ လုပ်ငန်းဆောင်ရွက်မများပြားလာခြင်း၊ ဝန်ထမ်းအင်အားလျော့နည်းသွားခြင်းတို့ကြောင့် ကော်မတီလုပ်ငန်းများ ပီပီပြင်ပြင်လုပ်ဆောင်နိုင်မများ အားနည်းလာကြောင်း တွေ့ရှိရပါတယ်။

**သုံးသပ်တင်ပြချက်များ**

၆။ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည့်အဝ ဆောင်ရွက်ခွင့်ရှိမှသာ ကော်မတီ၏လုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ခ) အမြဲတမ်းကော်မတီများအနေဖြင့် လိုအပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးများ နှင့်တိုက်ရိုက်ဆက်သွယ်ခြင်း၊ စာဖြင့်ရေးသားခွင့်ရရှိရန် လိုအပ်ပါသည်။ သို့မှသာ အမြဲတမ်း ကော်မတီများ၏ အဆင့်ကိုမြင့်တင်ရာရောက်ပြီး ကော်မတီလုပ်ငန်းများ ကိုလည်း ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် နိုင်ငံတော်၏ဘတ်ဂျက်ဖြင့် ခွင့်ပြုထားသော လုပ်ငန်းများအား လုပ်ငန်းနှင့်ငွေ ကိုက်ညီမရှိ/မရှိ ကွင်းဆင်းစစ်ဆေးသင့်ပါသည်။

(ဃ) လွှတ်တော်နှင့် ကော်မတီတို့၏ တာဝန်ပေးချက်အရ သွားရောက်ခြင်းကြောင့် လွှတ်တော် အစည်းအဝေးမတက်ရောက်နိုင်သည့် ကိုယ်စားလှယ်များကို ခွင့်ဟု မသတ်မှတ်ဘဲ တာဝန်ဟု ဖော်ပြသတ်မှတ်ခြင်းဖြင့် ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်၊ ခံစားခွင့်များကို အပြည့်အဝရရှိစေပြီး တာဝန်ကို ထက်သန်စွာဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်စေကာ လွှတ်တော်နှင့် ကော်မတီလုပ်ငန်းများကို ပိုမိုအောင်မြင်နိုင်မှာ ဖြစ်ပါ တယ်။

(င) ကော်မတီအစည်းအဝေးများ ကျင်းပနိုင်သည့်နေ့ရက်များကို သီးခြားသတ်မှတ်ထုတ်ပြန် ပေးနိုင်မှသာ လွှတ်တော်ငယ်ဖြစ်သော ကော်မတီလုပ်ငန်းများကို ပိုမိုထိရောက်အောင် မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(စ) ကော်မတီ၏ သဘောထားမှတ်ချက်များ၊ သုံးသပ်အကြံပြုတိုက်တွန်းချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်း ဝန်ကြီးဌာနများအနေဖြင့် အပြည့်အဝလိုက်နာ ပူးပေါင်းဆောင်ရွက်စေရေးအတွက် လွှတ်တော်အနေဖြင့် လိုအပ်သောဥပဒေ၊

နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်၍ ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်ပါသည်ဖြစ်ပါတယ်။

(ဆ) ပြည်ထောင်စု၏ ဘဏ္ဍာငွေရသုံးနှင့် အမျိုးသားစီမံကိန်းဆိုင်ရာ ဥပဒေကြမ်းများကို ထိရောက်စွာ စိစစ်ထောက်ခံတင်ပြနိုင်ရေးအတွက် လုပ်ငန်းများဆိုင်ရာ စီမံကိန်း အသေးစိတ် အချက်အလက်များကို ကိုယ်စားလှယ်များသို့ ဖြန့်ဝေပေးနိုင်ရေး လွှတ်တော်အနေဖြင့် စီမံဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) ပြည်သူ့ငွေစာရင်းကော်မတီအပါအဝင် အမြဲတမ်းကော်မတီများရှိ ကော်မတီဝင် ကိုယ်စားလှယ်တစ်ဦးချင်းစီအတွက် ရုံးလုပ်ငန်းတာဝန်ယူ ဆောင်ရွက်ပေးမည့် ရုံးဝန်ထမ်းများခန့်အပ်တာဝန်ပေးမည်ဆိုပါက ကော်မတီလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေနိုင်မည်ဖြစ်ပါသည်။

**နိဂုံးချုပ်အနေဖြင့်**

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှု အခြေအနေအရပ်ရပ်ကို ပြည်သူ့ငွေစာရင်းကော်မတီ၏ Website ဖြစ်သော www.pacpyithuhluttaw.gov.mm တွင် အချိန်နှင့်တစ်ပြေးညီ ထည့်သွင်းဖော်ပြလျက် ရှိပါကြောင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်မှုများကို လေ့လာသိရှိခြင်းဖြင့် နောက်လာမည့် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းပါဝင်မည့် ပြည်သူ့ငွေစာရင်း ကော်မတီဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် အထောက်အကူပြုနိုင်ပါကြောင်းတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ။ အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကော်မတီရဲ့ သုံးသပ်အကြံပြုတင်ပြချက်များကို တင်ပြသွားတဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ကော်မတီဝင် ဦးညီညီမြင့်ကို ကျေးဇူးအထူးတင်ပါတယ်။

## လတ်တော်အခွင့်အရေးကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် လတ်တော်အခွင့်အရေးကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်(အဖွဲ့ဝင်၊ လတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအပေါင်းင့်ဖြိုပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့ လတ်တော်ကိုယ်စားလှယ် ပြည်သူ့လတ်တော် လတ်တော်အခွင့်အရေးကော်မတီဝင် ဦးတင်မောင် ဖြစ်ပါတယ်။ ကျန်တော့်အနေနဲ့ အခွင့်အရေးကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီရဲ့ အကြံပြု သုံးသပ်ချက်များကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

၁။ လတ်တော်အခွင့်အရေးကော်မတီသည် ပထမအကြိမ် ပြည်သူ့လတ်တော်၏ ငါးနှစ်တာကာလ အတွင်း အတွေ့အကြုံ များနှင့် လတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် အခြေခံ၍ အောက်ပါသုံးသပ်အကြံပြုချက် (၁၄) ချက်ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လတ်တော်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လတ်တော်ကိုယ်စားလှယ်များ သိရှိထားသင့်သည့် အထူးလိုက်နာဆောင်ရွက်ရမည့် လတ်တော်အခွင့်အရေးဆိုင်ရာ အချက်အလက်များနှင့် လတ်တော်၏ဂုဏ်သိကာကို ထိန်းသိမ်းစောင့်ရှောက်ရမည့် အချက်အလက်များပါဝင်သည့် လတ်တော်ကိုယ်စားလှယ်များ လက်စွဲစာအုပ်ကို လတ်တော်အခွင့်အရေးကော်မတီက တာဝန်ယူ၍ ပြုစုထုတ်ဝေပေးသင့်ပါသည်။

(ခ) လတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လတ်တော်တက်ရောက်သည့် လတ်တော်ကိုယ်စားလှယ်များ အဆင်ပြေစွာ အစည်းအဝေးများ တက်ရောက်နိုင်ရေးနှင့် စားသောက်နေထိုင်နိုင်ရေးအတွက် လိုအပ်ချက်များကို လတ်တော်အခွင့်အရေးကော်မတီက လတ်တော်အုပ်ချုပ်ရေးအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) လတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်အတွင်း လတ်တော်အစည်းအဝေးခန်းမကြီးတစ်ဝိုက် လတ်တော်ကိုယ်စားလှယ်များ အနားယူအပန်းဖြေနိုင်မည့် ဧည့်ခန်းဆောင်များ ဖွင့်လှစ်ထားရှိပေးသင့်ပါသည်။

(ဃ) တစ်နှစ်အတွင်း လတ်တော်အစည်းအဝေးကျင်းပမည့်ကာလ စုစုပေါင်းသည် အများဆုံး (၆)လ အထိသာ သတ်မှတ်သင့်ပါသည်။ အစည်းအဝေးများကို စတင်မည့်နေ့ရက်၊ ကျင်းပမည့်ကာလ(ခန့်မှန်း)နှင့် ပြီးဆုံးမည့်ရက်(ခန့်မှန်း)တို့ကို ကြိုတင်ကြေညာသင့်ပါသည်။ လတ်တော်အစည်းအဝေးများကျင်းပမည့် လတ်တော်ပြက္ခဒိန်(calendar)ကို တစ်နှစ်အတွက် ကြိုတင်သတ်မှတ်ရေးဆွဲထုတ်ပြန်သင့်ပါသည်။

(င) လတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးနှင့်ဥပဒေအရ ရပိုင်ခွင့်များကို လတ်တော်အခွင့်အရေးကော်မတီအနေဖြင့် ယခုထက် ပိုမိုထိရောက်စွာ ရရှိအောင်ဆောင်ရွက်ပေးရေး၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဖြစ်စေရေးတို့အတွက် တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ပေးသင့်ပါသည်။

(စ) လတ်တော်၏ ဆောင်ရွက်ချက်များကို ပိုမိုပွင့်လင်းမြင်သာမရှိစေရန် ICT ကို အခြေခံသော လူထုနှင့်ထိတွေ့ဆက်ဆံနိုင်မည့် လတ်တော်စာမျက်နှာကို သီးသန့်ဖွင့်လှစ်ပြီး ပြည့်စုံစွာဖော်ပြပေးခြင်း၊ လတ်တော်အစည်းအဝေးများ ကျင်းပသည့် ကာလများအတွင်း လတ်တော်နေ့စဉ်သတင်းလာများ ထုတ်ဝေပေးခြင်း၊ website/ e-newsletter များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးခြင်းနှင့် သတင်းမီဒီယာအဖွဲ့များနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲများပြုလုပ်ပြီး သတင်းထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) လတ်တော်မှတ်တမ်းများသည် အလွန်များပြားသည့်အတွက် ယင်းမှတ်တမ်းများကို စာရွက်စာတမ်းများဖြင့် ဖြန့်ဝေမည့်အစား electronic format ဖြင့် digitise ပြုလုပ်ပြီး လတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေခြင်း၊ မှတ်တမ်းများအား ICT နည်းပညာအသုံးပြု၍ ထိန်းသိမ်းထားရှိခြင်း လုပ်ငန်းများကို ဆောင်ရွက်သင့်ပါသည်။

**မူကြမ်း**

(ဇ) လတ်တော်ကိုယ်စားလှယ်များ နေ့စဉ်အစည်းအဝေးတက်ရောက်မှု မှတ်တမ်းများကို electronic format ဖြင့်ပြုစုပြီး လတ်တော်အစည်းအဝေးသို့ တင်ပြမည်ဆိုပါက အချိန်ကုန်သက်သာပြီး မှတ်တမ်းထားရှိမှု ပိုမိုထိရောက်မည် ဖြစ်ပါသည်။

(ဈ) လတ်တော်လုပ်ငန်းများနှင့် ကော်မတီလုပ်ငန်းများကို ထိရောက်စွာပံ့ပိုးပေးနိုင်မည့် အရည်အသွေးများ ရရှိစေရန်အတွက် လိုအပ်သောအရင်းအမြစ်များ စုဆောင်း ဖြည့်ဆည်းကာ ဝန်ထမ်းများအား စွမ်းဆောင်ရည်မြင့်တင်ရေးအတွက် အလုပ်ခွင် သင်တန်းများ (on the job training) နှင့် အရည်အသွေးမြင့်ရန် သင်တန်းများ (capacity building) တို့ကို တိုးချဲ့ဖွင့်လှစ်လေ့ကျင့်ပေးသင့်ပါသည်။

(ည) လတ်တော်ကိုယ်စားလှယ်များ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများအား မြို့နယ်အကြီးအသေး၊ လူဦးရေ အနည်း/အများပေါ် မူတည်ပြီး ရန်ပုံငွေ ခွဲဝေမှုကို အနည်းအများ ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါသည်။ ဒေသခံပြည်သူတို့၏ လိုအပ်ချက်များနှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ရန် လိုအပ် သဖြင့် လတ်တော်ကိုယ်စားလှယ်များသည် သတ်မှတ်ပြဋ္ဌာန်းထားသော ဖွံ့ဖြိုးရေးရန်ပုံ ငွေများကို ဥပဒေနှင့်အညီ ထိရောက်စွာသုံးစွဲပြီး နှစ်စဉ်တိုးတက်ရရှိအောင် ဆောင်ရွက် ပေးသင့်ပါသည်။

(ဋ) မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်း အပြုသဘောဖြင့် အပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်း ဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ တိုးမြင့်ရေးအတွက် လတ်တော်ကော်မတီ အသီးသီးက ဆောင်ရွက်သင့်ပါသည်။ လတ်တော်၊ လတ်တော်ကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလတ်တော်ချုပ်တို့အကြား ဆက်သွယ်ဆက်ဆံ မှုကို ယခုထက်ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဖော် ဆောင်ပေးသင့်ပါသည်။

(ဌ) ပြည်ထောင်စုလတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ် လတ်တော်များအကြား အပြန် အလှန်ဆက်သွယ်မှု ပိုပြင်စွာတိုးမြင့်ဆောင်ရွက်ပြီး မြန်မာနိုင်ငံလတ်တော်ဆိုင်ရာအဖွဲ့ (MPU)၏ လုပ်ငန်းများကို တိုးမြင့်ဆောင်ရွက်ပေးသင့်ပါသည်။ နိုင်ငံတကာလတ်တော်

များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့် လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများမထားရှိဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးရှေးရှုပြီး တပ်မတော်သားကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါသည်။

(ပ) လွှတ်တော်၏အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သဖြင့် အနာဂတ်တွင် ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ စိန်ခေါ်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များအချင်းချင်း ညီညွတ်စွာညှိနှိုင်းဆောင်ရွက်ကြပြီး အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တို့နှင့်လည်း အပြန်အလှန်ညှိနှိုင်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေး ဆုံးဖြတ်ဆောင်ရွက်သင့်ပါသည်။

**နိဂုံးချုပ်**

၂။ အထက်ပါ အကြံပြုသုံးသပ်ချက်များသည် လွှတ်တော်၏အခန်းကဏ္ဍ ပိုမိုပီပြင်စေရန်အတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တင်ပြရင်းကျန်တော့်အနေနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ကော်မတီရဲ့သုံးသပ်အကြံပြုချက်ကို တင်ပြပေးသွားသော လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးတင်မောင်အား ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျား။

**အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သုံးသပ်အကြံပြုချက်တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက သုံးသပ်အကြံပြုချက်တင်ပြရန်ဖြစ်၍ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးသန်းထွန်း(အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။ ။**

အားလုံးပဲ မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျနော့်အနေနဲ့ ပြည်သူ့ လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမ အကြိမ် ပြည်သူ့လွှတ်တော် ငါးနှစ်တာကာလအတွင်း ဆောင်ရွက်ချက်များအပေါ် မှာ သုံးသပ်အကြံပြု ချက်များအား လွှတ်တော်သို့ အကျဉ်းချုပ် တင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးကို ၃၁-၁-၂၀၁၁ ရက်နေ့မှ ၂၇-၁-၂၀၁၆ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ ပြည်သူ့ လွှတ်တော်အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီကို ၇-၃-၂၀၁၁ ရက်နေ့မှ စတင်ဖွဲ့စည်းပေးခဲ့ပြီး ဒုတိယပုံမှန်အစည်းအဝေးမှစ၍ (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးအထိ အစီရင်ခံစာကို (၁၄)ကြိမ် တင်ပြခဲ့ပါတယ်။

**ကော်မတီဖွဲ့စည်းခြင်း**

၂။ ကော်မတီဖွဲ့စည်းခြင်းအနေဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို ၇-၃-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဖွဲ့စည်း ပေးခဲ့ပြီး ငါးနှစ်တာကာလအတွင်း ကော်မတီဝင်များကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းမှု ငါးကြိမ်ပြု လုပ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါ်လှဲ့လှဲ့ဝင်းအား ကော်မတီသို့ တွဲဖက်တာဝန်ပေးထားပြီး တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးကို လေ့လာသူများအဖြစ် တာဝန်ပေးခဲ့ပါတယ်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီတွင် နိုင်ငံရေး ပါတီ ခြောက်ပါတီမှ ကိုယ်စားလှယ်(၁၄)ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး စုစုပေါင်း (၁၅)ဦးဖြင့် ဖွဲ့စည်းထားခဲ့ပါတယ်။

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ လုပ်ငန်း တာဝန်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်-

(က) အဖွဲ့(၁) ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းများစိစစ်ရေးအဖွဲ့

(ခ) အဖွဲ့(၂) အဆိုများစိစစ်ရေးအဖွဲ့

(ဂ) အဖွဲ့(၃) မေးခွန်းနှင့်အဆိုများရဲ့ လုပ်ငန်းကျန်များ စိစစ်ရေးအဖွဲ့တို့ ဖြစ်ပါတယ်။

**မေးခွန်းနှင့်အဆိုများ**

(က)ကြယ်ပွင့်ပြ မေးခွန်းများ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ငါးနှစ်တာကာလအတွင်း မေးခွန်းပေါင်း ၂၃၆၉ ခု ဖြစ်ပေါ်ခဲ့ပြီး ကတိဖြစ်မေးခွန်း ၈၉၅ ခု ဖြစ်ပေါ်ခဲ့ပါတယ်။

(ခ) ကြယ်ပွင့်မပြမေးခွန်းများ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ငါးနှစ်တာကာလအတွင်း မေးခွန်းပေါင်း ၇၉၀၇ ခု ဖြစ်ပေါ်ခဲ့ပြီး ကတိဖြစ်မေးခွန်းပေါင်း ၂၈၅၂ ခု ဖြစ်ပေါ်ခဲ့ပါတယ်။

(ဂ)အဆိုများ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ငါးနှစ်တာကာလအတွင်း အဆိုပေါင်း ၂၁၈ ခု ဖြစ်ပေါ်ခဲ့ပြီး အတည်ပြုအဆိုပေါင်း ၉၇ ခု ဖြစ်ပေါ်ခဲ့ပါတယ်။

**ကွင်းဆင်းစစ်ဆေးဆောင်ရွက်ချက်များ**

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆ ၊ ၉၈ နှင့် ၁၀၀ တို့ပါ ပြဋ္ဌာန်းချက်များအရ ၁၉-၉-၂၀၁၃ ရက်နေ့မှ ၂-၁၀-၂၀၁၃ ရက်နေ့အထိ ကော်မတီအဖွဲ့ဝင်များအား အဖွဲ့လေးဖွဲ့ခွဲ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်ရှိသော ကတိဖြစ်ခဲ့သည့် လုပ်ငန်းများ အနက် ဆောင်ရွက်ပြီးစီးကြောင်း ပြန်ကြားချက်ရရှိခဲ့သည့် လုပ်ငန်းပေါင်း (၃၀)ခုကို သွားရောက် စစ်ဆေးခဲ့ပြီး ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ တင်ပြအစီရင်ခံခဲ့ပါတယ်။

**ကော်မတီ၏ အစီရင်ခံစာများ**

၃။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး တစ်ကြိမ်ကျင်းပပြီးတိုင်း ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများကို ဖိတ်ကြားပြီး အစည်းအဝေး (၁၂)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးကျင်းပခဲ့ပြီးနောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများရဲ့ အစီရင်ခံချက်များကိုပြုစုပြီး နောက် တစ်ကြိမ်ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများသို့ အစီရင်ခံစာများ စုစုပေါင်း (၁၄) ကြိမ် တင်ပြနိုင်ခဲ့ပါတယ်။

**မူကြမ်း**

**ဥပဒေများ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်း**

၄။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဥပဒေ ၁၄ ခုအနက် မြန်မာနိုင်ငံရဲ့ညွှန့်တပ်ဖွဲ့ဥပဒေကို ၂၈-၂-၂၀၁၄ ရက်စွဲပါ ပြည်ထောင်စုဥပဒေအမှတ် ၇ ဖြင့် ရုပ်သိမ်းပြီး၊ စစ်ဘက်ရာထူးနှင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကိုကန့်သတ်သည့်ဥပဒေကို ၇-၁၀-၂၀၁၄ ရက်နေ့မှာ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၄၂ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းပြီး နယ်ခြားစောင့်တပ်ဖွဲ့များဥပဒေကို အသစ် ရေးဆွဲလျက်ရှိပါတယ်။ ကျန်ရှိတဲ့ ဥပဒေ ၁၁ ခုကို လက်ရှိအတိုင်း ကျင့်သုံးလျက်ရှိပါတယ်။

**အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေနှင့်အခွန် ဥပဒေများ**

၅။ နှစ်စဉ် အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနှင့် အခွန်ဥပဒေများအတွက် ပြည်သူ့လွှတ်တော်မှ တာဝန်ပေးချက်အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေနှင့် အခွန်ဥပဒေများကို စိစစ်ပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြခဲ့ ပါတယ်။

**မှတ်တမ်းပြုစုထားရှိခြင်း**

၆။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပတ်သက်၍ အစီရင်ခံစာ စာအုပ်များဖြင့် လည်းကောင်း၊ (CD)များဖြင့်လည်းကောင်း၊ (Hard Disc)များဖြင့်လည်းကောင်း၊ (Data Sorting Programme)များဖြင့်လည်းကောင်း မှတ်တမ်းပြုစုထိန်းသိမ်းခဲ့ပါတယ်။

**ဆောင်ရွက်ဆဲလုပ်ငန်းများ**

၇။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးအထိ ဆောင်ရွက်ဆဲကြယ်ပွင့်ပြ ကတိဖြစ် မေးခွန်း ရှစ်ခုနှင့် ဆောင်ရွက်ဆဲ ကြယ်ပွင့်မပြ ကတိဖြစ်မေးခွန်း ၄၂ ခုတို့အား လက်ကျန်လုပ်ငန်းများ အဖြစ် ကျန်ရှိနေပါတယ်။

**ပယ်ဖျက်ရန် ညှိနှိုင်းလာသည့် လုပ်ငန်းများ**

၈။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဘဏ္ဍာငွေ ခွဲဝေပေးမမရရှိခဲ့ခြင်း၊ လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်

ဆောင်ရွက်ပေးနိုင်မှု မရှိခြင်းတို့ကြောင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်လုပ်ငန်းများအနက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ လုပ်ငန်း ၇၂၅ ခုကို ပယ်ဖျက်ပေးရန် ညှိနှိုင်းလာခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

**ကော်မတီ၏ တွေ့ရှိသုံးသပ်ချက်နှင့် အကြံပြုတင်ပြချက်**

၉။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီ လေးခုတွင် တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့်အညီ အပြန်အလှန်ထိန်းကျောင်းခြင်းကို အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။

၁၀။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတစ်ကြိမ် ကျင်းပပြီးတိုင်း ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုတောင်းခံပြီး နောက်တစ်ကြိမ်ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ စုစုပေါင်း ၁၄ ကြိမ် တင်ပြနိုင်ခဲ့ပါတယ်။ ကော်မတီသည် ငါးနှစ်တာကာလအတွင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပတ်သက်၍ ပုံမှန်ညှိနှိုင်းဆောင်ရွက်ခဲ့သဖြင့် အစီရင်ခံစာများကို ပုံမှန်အတိုင်း အခက်အခဲမရှိ တင်ပြနိုင်ခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးကာလအတွင်း ဘဏ္ဍာငွေခွဲဝေပေးမှုမရရှိခဲ့ခြင်း၊ လုပ်ငန်းသဘောသဘာဝအရ နှစ်ရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ခြင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်မှု မရှိခြင်းတို့ကြောင့် ကတိစာရင်းမှ ပယ်ဖျက်ပေးရန် ညှိနှိုင်းလာသည့် လုပ်ငန်း ၇၂၅ ခုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြန်လည်သုံးသပ်နိုင်ပါရန် အကြံပြုတင်ပြအပ်ပါတယ်။

**နိဂုံး**

၁၁။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးတိုင်းတွင် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများနှင့် အဆိုများတွင် ကတိဖြစ်သည့် မေးခွန်းများ၊ အတည်ပြုခဲ့သည့် အဆိုများကို စနစ်တကျ ကော်မတီမှစိစစ်ပြီး အစီရင်ခံစာများပြုစု၍ ပထမအကြိမ် ပြည်သူ့လွှတ်တော်

ပုံမှန်အစည်းအဝေးကျင်းပသည့် အကြိမ်တိုင်းတွင် လတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများကို ပွင့်လင်းမြင်သာစွာ အစီရင်ခံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ သို့ဖြစ်၍ ကော်မတီရဲ့ အဆိုပါ စိစစ်တွေ့ရှိခဲ့သည့် အားနည်းချက်များ၊ အားသာချက်များကို သုံးသပ်ဆောင်ရွက်နိုင်ရန် နောင်လာမည့် ဒုတိယအကြိမ်လတ်တော်တွင် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်ထမ်းဆောင်ရာ၌ လွယ်ကူအဆင်ပြေနိုင်ရန်နှင့် မှီငြမ်းအသုံးပြုနိုင်စေရန်အတွက် တွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ အကြံပြုချက်များ ပါရှိသည့် အစီရင်ခံစာအား လတ်တော်သို့ ပြုစုတင်ပြရခြင်းဖြစ်ပါကြောင်း လေးစားစွာဖြင့် နိဂုံးချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျန်းမာကြပါစေခင်ဗျား။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ ကော်မတီရဲ့ သုံးသပ်အကြံပြုချက်များကို တင်ပြပေးတဲ့ ကော်မတီအဖွဲ့ဝင် ဦးသန်းထွန်းအား အထူးကျေးဇူးတင်ပါတယ်။

**ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာ တင်ပြခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က အစီရင်ခံစာ တင်ပြရန်ဖြစ်၍ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဝဏ္ဏကျော်ထင်ဦးရွှေမြင့် (ဒုတိယဥက္ကဋ္ဌ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယသက်တမ်းမှာ တာဝန်ထမ်းဆောင်မယ့် လတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း၊ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏ ပထမအကြိမ် ပြည်သူ့လတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်မှုအစီရင်ခံစာကို ကော်မရှင်ကိုယ်စား တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လတ်တော်ကိုယ်စားလှယ် ပြည်သူ့လတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ကျွန်တော် ဝဏ္ဏကျော်ထင်ဦးရွှေမြင့်မှ ပြည်သူ့လတ်တော်သို့ ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် ဖတ်ကြားတင်သွင်းခြင်းပြုပါ ခင်ဗျား။

**နိဒါန်း**

၁။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၈၊ ၂၀၁၀ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉၊ ၃၀ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁၊ ၈၂ တို့အရပြည်သူ့လွှတ်တော် ကော်မတီများက လေ့လာသောအကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်သဖြင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူး ကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော်သက်တမ်းကာလအတွင်း ကော်မရှင်၏ လုပ်ဆောင်ချက်များကို သိရှိနိုင်ပါရန် တင်ပြအပ် ပါတယ်။

**ရည်ရွယ်ချက်**

၂။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်၏သက်တမ်းသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသည့် ၃၀-၁-၂၀၁၆ ရက်နေ့တွင် ကုန်ဆုံးမည် ဖြစ်ရာ လက်ရှိလွှတ်တော်သက်တမ်းကာလအတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ထားရှိနိုင်ရန်နှင့် နောင်ပေါ်ပေါက်လာမည့် လွှတ်တော်သက်တမ်းများတွင် အထောက် အကူဖြစ်စေရန်အတွက် ရည်ရွယ်ပါသည်။

**ဖွဲ့စည်းခြင်း**

၃။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၈၊ ၂၀၁၀ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉ ၊ ၃၀ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၁၊ ၈၂ တို့အရ ၁၆-၁၁-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁)ဖြင့် ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေနှင့် တနင်္သာရီတိုင်းဒေသ၊ မြိတ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေမြင့်နှင့် အဖွဲ့ဝင်များအဖြစ် ပြင်ပပညာရှင်များဖြစ်ကြသော ဦးလင်းမြိုင်၊ ဦးမြသိန်း၊ ဦးသန်းထွန်း၊ ဒေါက်တာအောင်ထွန်းသက်၊ ဒုတိယဗိုလ်မှူးကြီးအောင်ခင်သိန်း၊ ဒေါက်တာတင်မေထွန်း၊ ဒေါက်တာ သီတာဦး ၊ ဦးတင်ဝင်း၊ ဦးခင်မောင်ဦး၊ ဦးမြင့်လွင်၊ ဦးသန်းမောင်၊ ဒေါ်သန်းသန်းရီတို့ဖြင့် ၁၅ ဦးပါသော

ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထို့အပြင် ပြည်သူ့လွှတ်တော်၏ ၂၀-၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂)အရ ပြင်ပပညာရှင် ဦးသင်းမောင်အားလည်းကောင်း၊ (၂/၂၀၁၂)အရ ပြင်ပပညာရှင် ဒေါက်တာတင်လတ်အားလည်းကောင်း ကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတိုးချဲ့ပေးခဲ့ပါတယ်။ ၂၀-၂-၂၀၁၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၂)ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၁၈ ဦး၊ ပြင်ပပညာရှင် ၁၂ ဦး စုစုပေါင်း ၃၀ ဦးကို ထပ်မံအားဖြည့် ဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်၌ကော်မရှင်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၂၁ ဦး၊ ပြင်ပပညာရှင် ၂၄ ဦး စုစုပေါင်း ၄၅ ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာပဲ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သူသုံးဦး၊ ပြည်ထောင်စုလွှတ်တော်အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သူနှစ်ဦး၊ အဂတိလိုက်စားမတိုက်ဖျက်ရေးကော်မရှင်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သူ လေးဦး၊ ကွယ်လွန်သူသုံးဦး၊ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်သူရှစ်ဦး စုစုပေါင်း၂၀ ဦးရှိပါတယ်။ အဲဒီ ၂၀ ဦးကို ကော်မရှင်အဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ အပါအဝင် ၆၀ ဦးဖြစ်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး၊ ပြင်ပပညာရှင် ၄၁ ဦးဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အမှတ်ရစေရန်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးမြင့်၊ အဖွဲ့ဝင်များအနေဖြင့် ဒေါက်တာမောင်မောင်ဝင့်၊ ဒေါက်တာစိုးရင်၊ ဒေါက်တာနေလင်း၊ ဦးကြည်သာ၊ ဦးအေးမောက်၊ ဦးသိန်းလွင်၊ ဦးတင်မောင်ဦး၊ ဦးဝင်းမြင့်၊ ဦးမင်းဆွေ၊ ဦးဘရှိန်၊ ဒေါက်တာဝင်းမြင့်၊ ဦးဝင်းသန်း၊ ဦးဝင်းဦး၊ ဦးစိုင်းသီဟကျော်၊ ဒေါ်နန်းဝါနု၊ ဗိုလ်မှူးချုပ်တင့်ဆန်းတို့ ဖြစ်ကြပြီးတော့ ပြင်ပပညာရှင်များအနေဖြင့် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ/ငြိမ်း)၊ ဒေါက်တာဝင်းသိမ်း-ပါမောက္ခချုပ်(ငြိမ်း)၊ ဦးတင်ထွေး-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးဝင်းမြင့်-သံအမတ်ကြီး(ငြိမ်း)၊ ဦးခင်မောင်စိုး-သံအမတ်ကြီး(ငြိမ်း)၊ ဦးသန်းရီ-ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဒေါက်တာတင်မေထွန်း(ပါမောက္ခ)၊ ဦးတင်ဝင်း-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးကျော်စန်း(တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး)၊ ဦးညွန့်ဝင်း-ရဲမှူးကြီး(ငြိမ်း)၊ ဒေါ်သန်းသန်းရီ-ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ဦးစိုးသိန်း-ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးသန်းမောင်(တရားလွှတ်တော်ရှေ့နေ)၊ ဒေါက်တာတင်လတ်၊ ဦးသိန်းဦး၊ ဦးသန်းလွင်၊ ဦးတိုးနိုင်မန်း၊ ဦးတင့်လွင်ရေ-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဦးထင်ဇော်-ညွှန်ကြားရေးမှူး(ငြိမ်း)၊

ဦးအောင်မြင့်ထွန်း၊ ဦးခင်မောင်ထွန်း-တွဲဖက်စစ်ထောက်ချုပ်(ငြိမ်း)၊ ဦးအောင်မြင့်(တရားလတ်တော် ရှေ့နေ)၊ ဒုတိယဗိုလ်မှူးကြီးအောင်ခင်သိန်း၊ ဒေါ်ညိုညိုလှ၊ ဦးမြင့်ဆွေ၊ ဒေါ်အေးအေးမူ၊ ဦးကြည်ထွန်းဝင်း-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဒေါ်မြမြဝင်း၊ ဒေါ်လဲ့လဲ့ဝင်း၊ ဦးစန်းလွင်၊ ဦးအေးဟန်၊ ဦးညီထွန်း၊ ဒေါ်တင်ဘုန်းနွယ်၊ ဦးဘိုဝင်း၊ ဦးဇင်းထန်၊ ဦးဆန်းလင်း၊ ဦးသောင်းမြင့်၊ ဦးခင်မောင်ဦး၊ ဦးဝင်မြင့်၊ ဦးအောင်မြင့်၊ ဦးခင်မောင်တင်-သံအမတ်ကြီး(ငြိမ်း)၊ ဦးစံရေအောင်-အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ ဦးကိုကိုနိုင်-ဗိုလ်ချုပ်(ငြိမ်း)တို့ ကနေပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**ကော်မရှင်၏သက်တမ်း**

၄။ ကော်မရှင်၏သက်တမ်းကိုတော့ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ အများဆုံးတစ်နှစ်သတ်မှတ်ပြီးတော့ လုပ်ငန်းလိုအပ်ချက်အရ သက်တမ်းတိုးနိုင်ပါတယ်။ သို့ရာတွင် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပြီးစီးမအခြေအနေပေါ်မူတည်၍ မလိုအပ်သည့်အချိန်များတွင် ဖျက်သိမ်းနိုင်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မရှင်အဖွဲ့ဝင်များကို လုပ်ငန်းလိုအပ်ချက်အရ သင့်လျော်သလို ပြင်ဆင်ဖွဲ့စည်းနိုင်ပြီး သက်တမ်းလည်း တိုးမြှင့်နိုင်ပါတယ်။ ယခုကော်မရှင်အဖွဲ့ဝင်များ၏ သက်တမ်းကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ သတ်မှတ်ထားရှိပါတယ်။

**ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅။ ကော်မရှင်သည်-

(က) တည်ဆဲဥပဒေများအားလေ့လာဆန်းစစ် သုံးသပ်ပြီးပြင်ဆင်ရေး၊ရုပ်သိမ်းနိုင်ရေးနှင့် ဥပဒေအသစ်များပြဋ္ဌာန်းနိုင်ရေးတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ခ) အထူးကိစ္စရပ်များပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့်ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရမည်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကဏ္ဍအလိုက် သီးခြားသတ်မှတ်ပေးသည့် အထူးကိစ္စရပ်များအတွက် ကော်မရှင်အတွင်းတာဝန်ခွဲဝေသတ်မှတ် ဆောင်ရွက်ရမည်။

(င) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ ကော်မရှင်အနေဖြင့် အကြံဉာဏ်ပေးရမည်။

၆။ ကော်မရှင်သည် မိမိဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်ပါက ဆက်စပ်လုပ်ကိုင်သည့်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆောင်ရွက်နိုင်ပြီး ကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုခွင့်၊ ဆွေးနွေးခွင့်ရှိပါသည်။ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အပေါ် မူတည်၍ မိမိဆောင်ရွက်ရသောကိစ္စများနှင့်စပ်လျဉ်း၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။

**ဆောင်ရွက်ချက်များ**

၇။ ကော်မရှင်အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် အထူးကိစ္စရပ်များနှင့်စပ်လျဉ်း၍ စိစစ်အကြံပြုပါသည်။ ကော်မရှင်ကိုဖွဲ့စည်းရာ၌ လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လိုအပ်သောလုပ်ငန်းများအလိုက် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများကို အတတ်နိုင်ဆုံး စုစည်းဖွဲ့စည်းထားပါသည်။ ကော်မရှင်၏ လုပ်ဆောင်ချက်များကို အကျဉ်းချုံး တင်ပြရမည်ဆိုပါက တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ ရုပ်သိမ်းသင့်သော ဥပဒေများ၊ ပြင်ဆင်သင့်သောဥပဒေများကို စိစစ်ရသည့်အပြင် အသစ်ပြဋ္ဌာန်းရန်လိုအပ်သော ဥပဒေများနှင့်စပ်လျဉ်း၍လည်း အကြံပြုပေးကြရပါသည်။ လွှတ်တော်များ စတင်ပေါ်ပေါက်လာသည့်အချိန်တွင် မြန်မာနိုင်ငံရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးများက စီမံခန့်ခွဲလျက်ရှိသော တည်ဆဲဥပဒေပေါင်း ၄၀၁ ခုအပေါ် အခြေခံ၍စိစစ်ပါသည်။ လတ်တလောပြင်ဆင်သင့်သော ဥပဒေများကို ပြင်ဆင်ရန် အကြံပြုတင်ပြခဲ့ပါသည်။ ပြည်သူ့လွှတ်တော်၏ ဥပဒေပြုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ကော်မတီ ၂၃ ခုတွင် ပူးတွဲပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၈။ အထူးအားဖြင့် ဥပဒေကြမ်းကော်မတီအပါအဝင်ကော်မတီ ၂၃ ခုတွင် သက်ဆိုင်သည့် ဥပဒေကြမ်းများနှင့် နည်းဥပဒေကြမ်းများကိုသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိ

**မူကြမ်း**

ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိများနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ သက်ဆိုင်ရာကော်မရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးများတွင်လည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်၏အကြံပြုတင်ပြချက်များကိုဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီများကလည်း လိုလိုလားလားတောင်းခံဆောင်ရွက်ခဲ့ကြပါသည်။ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် သတင်းစာများ၊ ဂျာနယ်များတွင် ပါရှိသောနိုင်ငံရေး၊ စီးပွားရေး၊ လူမရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများနှင့်စပ်လျဉ်း၍ စုပေါင်းလေ့လာခြင်း၊ စုပေါင်းဆွေးနွေးခြင်း၊ စုပေါင်းအဖြေရှာသည့် စနစ်တွေကို ကျင့်သုံးကြရသဖြင့် လုပ်ငန်းများအောင်မြင်စေရန် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

၉။ ပြည်သူ့လွှတ်တော်အနေဖြင့် ဥပဒေရေးရာကိစ္စရပ်များနှင့် နိုင်ငံသားများကတင်ပြသည့် အခြားကိစ္စရပ်များကိုအထူးကိစ္စရပ်များအနေဖြင့် အလေးထားဆောင်ရွက်ရသောကြောင့် တင်ပြလာသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာ အကြောင်းအရာ အလိုက်လေ့လာစိစစ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ အကြံပြုတင်ပြခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကော်မရှင်အဖွဲ့ဝင်တိုင်းကို ဥပဒေနှင့်အညီ လွတ်လပ်မှန်ကန်စွာ အကြံပြုရန် အမြဲတိုက်တွန်းခဲ့ပါသည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌများ ကနိုင်ငံခြားတိုင်းပြည်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားရေးရာနှင့် ကျေးလက်ဒေသလူမဘဝ မြင့်တင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မအတွက် တိုင်းဒေသကြီး/ပြည်နယ်များသို့ ကွင်းဆင်းလေ့လာခြင်း၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမများကြောင့် ပြည်သူများနစ်နာမမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမရှိမည့် ရှေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီများနှင့်လည်း တာဝန်ကျေစွာ အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၁၁။ ကော်မရှင်ရုံးကိုနေပြည်တော် ပြည်သူ့လွှတ်တော်ဝင်းအတွင်းရှိ ရေးရာဆောင်(I-1) ပထမထပ်တွင်လည်းကောင်း၊ ရန်ကုန်မြို့ အင်းယားလမ်း၊ ခြံအမှတ်(၅၉) ရှိလွှတ်တော်ရုံးခွဲ(ရန်ကုန်)တွင် လည်းကောင်း ဖွင့်လှစ်ထားရှိပြီးကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများက အချိန်ပြည့်

တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရန်ကုန်မှ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် လတ်တော်အစည်းအဝေးကျင်းပသည့်ကာလအတွင်းတွင် ရက်သတ္တပတ်နှစ်ပတ်လျင် တစ်ကြိမ် နေပြည်တော်သို့ လာရောက်တာဝန် ထမ်းဆောင်ကြပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို နေပြည်တော်မှကော်မရှင်အဖွဲ့ဝင်များနှင့်အတူ တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပါသည်။ ဒါ့အပြင် အရေးကြီးသောလုပ်ငန်းတာဝန်များပေါ်ပေါက်လာပါကလည်း နေပြည်တော်သို့ လာရောက်တာဝန်ထမ်းဆောင်ကြပါသည်။ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများ အရည်အသွေးမြင့်တင်ရေး သင်တန်းများတွင် သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချဆောင်ရွက်ပေးလျက်ရှိပါတယ်။

၁၂။ ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့်လည်းပဲ ကော်မရှင်အဖွဲ့ဝင်များက ယင်းတို့၏ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ ထမ်းဆောင်နိုင်ရန် ကူညီပံ့ပိုးဆောင်ရွက်ပေးကြပါသည်။ ဒါ့အပြင် ကော်မရှင်ရုံးတွင် အစည်းအဝေးများပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အစည်းအဝေးမှတ်တမ်းများဖော်ဆောင်ပေး၍ လတ်တော်ဥက္ကဋ္ဌထံ တင်ပြပေးခြင်း၊ ကော်မတီများက ပြုလုပ်သောအစည်းအဝေးများသို့ ကော်မရှင်အဖွဲ့ဝင်များတက်ရောက်နိုင်ရန် ဖိတ်ကြားပေးခြင်း၊ နေထိုင်သွားလာရေးအဆင်ပြေစေရန် ဆောင်ရွက်ပေးခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ နေ့တွက်စရိတ်များ၊ လစာများထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ပြည်သူ့လတ်တော်ဥက္ကဋ္ဌထံ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရန်ဆောင်ရွက်ခြင်းစသည့် ကိစ္စရပ်များကိုလည်း မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ပေးခဲ့တဲ့အတွက် မှတ်တမ်းတင်အပ်ပါတယ်။ ရုံးအဖွဲ့၏ ဆောင်ရွက်ရသော လုပ်ငန်းတာဝန်အသေးစိတ်ကိုလည်း တင်ပြထားပါတယ်။

၁၃။ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ ဝန်ထမ်းများသည် ယခုကဲ့သို့ တာဝန်ထမ်းဆောင်ရခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ပြည်သူ့လတ်တော်၏ အခန်းကဏ္ဍကိုအောင်မြင်စေရန် ဆောင်ရွက်ရခြင်းဖြစ်၍ ဂုဏ်ယူစရာဖြစ်တယ်လို့ ယုံကြည်မှတ်ယူပြီးတော့ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

**ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း**

၁၄။ ပြည်ပနိုင်ငံများသို့ ကော်မရှင်မှတာဝန်ရှိ ပုဂ္ဂိုလ်များကိုလည်း လတ်တော်အသီးသီးသို့ သွားရောက်ပြီးတော့ လေ့လာနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

**မူကြမ်း**

**နိဂုံး**

၁၅။ ဥပဒေရေးရာနှင့်အထူးကိစရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များသည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာနယ်ပယ်များတွင် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည့် အားလျော်စွာ မိမိတို့၏ အသိပညာ၊ အတတ်ပညာနှင့် အတွေ့အကြုံများကို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုရန် ရည်ရွယ်ချက်များစွာဖြင့် ပေးအပ်သောတာဝန်များကို လေးလေးစားစားထမ်းဆောင်လျက်ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ ကော်မရှင်ရဲ့ ဆောင်ရွက်ချက်နဲ့ သုံးသပ်အကြံပြုချက်များကို တင်ပြပေးတဲ့ ဥပဒေရေးရာနှင့် အထူးကိစရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ဝဏ္ဏကျော်ထင် ဦးရွှေမြင့်အား ကျေးဇူးအထူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယမန်နေ့များကနဲ့ ဒီနေ့တို့မှာ ကော်မတီများနဲ့ ကော်မရှင်တို့ကနေပြီးတော့ ဆောင်ရွက်ချက်နဲ့ သုံးသပ်အကြံ ပြုချက်များကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ကျန်တော်တို့ရဲ့ လတ်တော်ကိုယ်စားလှယ်များအနေနဲ့ တစ်ယောက်မကျန် ဒီကော်မတီနှင့် ကော်မရှင်များမှာ ပါဝင်ပတ်သက်ပြီးတော့ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြတာကို မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ရုပ်သွင်ကို မိမိတို့ရဲ့ မှန်ထဲမှာ ပြန်ကြည့်တဲ့အခါမှာ မြင်ရသလိုပဲ မိမိတို့ဘယ်လို၊ ဘယ်လောက်ထိ ကြိုးစားဆောင်ရွက်ခဲ့ကြတယ်ဆိုတာကိုလည်း တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ရဲ့ ကိုယ်ကျိုးမပါ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအတွက် စွမ်းစွမ်းတမံနှင့် ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့ ကော်မရှင်၊ ကော်မတီဝင်များ၊ လတ်တော်ကိုယ်စားလှယ်များအပါအဝင် အားလုံးကို ကျန်တော်ကနေပြီးတော့ ကျေးဇူးတင်ရှိကြောင်းနဲ့ ဂုဏ်ပြုပါကြောင်း မှတ်တမ်းတင် လိုပါတယ်ခင်ဗျား။

**ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၃၁)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်

**မှုကြမ်း**

ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်(ကြာသပတေးနေ့) နေ့လယ် ၁၂း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးအောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]